

# ကရင့်တော်လှန်ရေးသမိုင်း

## မှတ်စုအကျဉ်း

(၁၉၄၇-၂၀၀၈)

# ကရင့်တော်လှန်ရေးသမိုင်း
## မှတ်စုအကျဉ်း
( ၁၉၄၇ - ၂၀၀၈ )

# မာတိကာ


အခန်း (၁)

ကရင်လူမျိုးတို့၏ အဆင့်ဆင့်ဆင်းသက်လာခြင်း မှတ်တမ်းအကျဉ်း 1

အခန်း (၂)

KNU နှင့် ကရင့်တော်လှန်ရေးလှုပ်ရှားမှု ၁၉၄၇ ခုနှစ် မှ ၂၀၀၈ ခုနှစ်အထိ ခုနှစ်အလိုက် သမိုင်းမှတ်တမ်းအကျဉ်း 8

၁။ KNU ကရင်အမျိုးသားအစည်းအရုံးကို ဖွဲ့စည်းခြင်း 8

၂။ ဗမာပြည်လွတ်လပ်ရေးရရှိခြင်းနှင့် ကေအဲန်ယူ နှစ်ပတ်လည် အစည်းအဝေး၊ ရန်ကုန် (၁၉၄၈) 11

၃။ ကရင့်တော်လှန်ရေး စတင်ခြင်းနှင့် အင်းစိန်တိုက်ပွဲ (၁၉၄၉) 14

၄။ ကေအဲန်ယူ (၄) ကြိမ်မြောက် ကွန်ဂရက်နှင့် ဥက္ကဋ္ဌ စောဘဦးကြီး ကျဆုံးသွားခြင်း (၁၉၅၀) 17

၅။ ကရင့်တော်လှန်ရေးလှုပ်ရှားမှု (၁၉၅၁) 19

၆။ ကရင့်တော်လှန်ရေးလှုပ်ရှားမှု (၁၉၅၂) 20

၇။ အရှေ့တိုင်းကွန်ဖရင့်နှင့် ၅ ကြိမ်မြောက် ကော်သူးလေကွန်ဂရက် ဖာပွန်မြို့ (၁၉၅၃) 21

၈။ ကရင်ခေါင်းဆောင်များက ဗဟိုဌာနချုပ်စခန်းနေရာကို စီစဉ် ထားရှိပြီး နိုင်ငံရေးသင်တန်းပေးခြင်း (၁၉၅၄) 23

၉။ မူးဆိုးကော်ကစာမှ KRC ကို ဖွဲ့စည်းရန် အဆိုပြုသည် (၁၉၅၅) 24

၁၀။ ၆ ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်၊ 24

မောကို၊ ညောင်လေးပင်ခရိုင် ၁၉၅၆

၁၁။ အရှေ့တိုင်းအစည်းအဝေး (၁၉၅၇) 27

၁၂။ အရှေ့တိုင်းကွန်ဖရင့်၊ ဖာပွန်(၁၉၅၈) 27

၁၃။ KNUP နှင့် ပထမအကြိမ် ပါတီကွန်ဂရက် (၁၉၅၉) 28

၁၄။ လလမဖ အား ဖွဲ့စည်းခြင်း (၁၉၆၀) 29

၁၅။ ကရင်တပ်များ ရှမ်းပြည်နယ်သို့ ချီတက်တိုက်ခိုက်ခြင်း (၁၉၆၁ - ၁၉၆၂) 29

၁၆။ ၇ ကြိမ်မြောက် KNU ကွန်ဂရက် (၁၉၆၃) 30

၁၇။ KRC မှ ဗိုလ်နေဝင်းနှင့် သဘောတူညီမှုရရှိပြီးနောက် KNUP ဗဟိုအား ပြန်လည်တိုက်ခိုက် (ခေးပူ ၁၉၆၄) 32

၁၈။ ဗိုလ်ချုပ်မြ အစည်းအဝေးခေါ်ယူကျင်းပခြင်း - ပလေဖိုး (၁၉၆၅) 33

၁၉။ ပါတီခေါင်းဆောင်များနှင့် ဗိုလ်ချုပ်မြ တွေ့ဆုံဆွေးနွေးကြခြင်း (၁၉၆၆) 33

၂၀။ ပါတီဗဟိုကော်မတီအစည်းအဝေး (၁၉၆၇) 34

၂၁။ မြစ်ဝကျွန်းပေါ်အား ရန်သူမှ ရွှေလင်းယုန်- မိုးဟိန်း စစ်ဆင်ရေးဖြင့် ထိုးစစ်ဆင်တိုက်ခိုက်လာခြင်း (၁၉၆၀-၆၉) 35

၂၂။ ၈ ကြိမ်မြောက် KNU ကွန်ဂရက် 35

၂၃။ အောင်စိုးမိုး စစ်ဆင်ရေးကြီးဖြင့် ရန်သူမှ ပဲခူးရိုးမအား ထိုးစစ်ဆင်တိုက်ခိုက်ခြင်း (၁၉၇၁-၇၂) 36

၂၄။ ရန်သူမှ ပဲခူးရိုးမအား ထိုးစစ်ဆင်တိုက်ခိုက်ခြင်း (၁၉၇၃) 37

၂၅။ ၉ ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက် ပဟီလူ၊ ထိုင်းနိုင်ငံ (၁၉၇၄) 37

၂၆။ အုပ်ချုပ်ရေး၊ စည်းရုံးရေး၊ စစ်ရေးလုပ်ငန်းများ ဖြစ်ထွန်း တိုးတက်လာခြင်း (၁၉၇၇-၈၃) 38

၂၇။ နယ်စပ်ဂိတ်အားလုံးအား ရန်သူမှ စစ်ဆင်တိုက်ခိုက် (၁၉၈၄- ၈၇) 39

၂၈။ ၁၉၈၈ ဗမာပြည် ပြည်သူလူထုတို့၏ ဒီမိုကရေစီအခွင့်အရေး တောင်းဆိုမှု 40

၂၉။ နိုင်ငံရေးလှုပ်ရှားမှု ပြင်းထန်လာခြင်းနှင့် ၁၀ ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက် 41

၃၀။ န၀တမှ ကေအဲန်ယူနှင့် အပစ်ခတ်ရပ်စဲလိုက်သောအခါ ဒီကေဘီအေ ဖြစ်ပေါ်လာ 42

၃၁။ ၁၁ ကြိမ်မြောက် ကေအဲန်ယူ ကွန်ဂရက်၊ မယ်သရောထာ၊ ၁၉၉၅ ခုနှစ် 43

၃၂။ ကေအဲန်ယူကိုယ်စားလှယ်များ နအဖနှင့်သွားရောက်တွေ့ဆုံ (၁၉၉၆) 44

၃၃။ တွေ့ဆုံဆွေးနွေးပွဲ ပျက်စီးသွားပြီးနောက် နအဖမှ ပြန်လည် ထိုးစစ်ဆင် တိုက်ခိုက်လာခြင်း (၁၉၉၇-၉၉) 45

၃၄။ ၁၂ ကြိမ်မြောက် ကေအဲန်ယူ ကွန်ဂရက် 47

၃၅။ ကေအဲန်ယူ (၁၃)ကြိမ်မြောက် ကွန်ဂရက်ကို ၂၀၀၄ ခုနှစ် အတွင်း ဖားအံခရိုင် လေး၀ါးစခန်းတွင် ကျင်းပ 47

၃၆။ ဗိုလ်ချုပ်မြ ကွယ်လွန်သွားခြင်း 48

၃၇။ ဗိုလ်ထင်မောင် နအဖထံ သွားရောက်ပြီး ငြိမ်းချမ်းရေး ဆောင်ရွက် (၂၀၀၇) 49

၃၈။ ၁၄ ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက် ကရင်ညီညွတ်ရေး အစည်းအဝေး၊ 50

အခန်း (၃)

ကရင့်ဘ၀နှင့် ခေတ်အဆက်ဆက် ဗမာပြည်တွင်းရှိ နိုင်ငံရေးနှင့် ပတ်သက်နေမှု 52

၁။ ကရင်လူမျိုးနှင့် ၎င်းတို့ဆင်းသက်လာမှု 52

၂။ ပဒေသရာဇ်ခေတ် ကရင့်ဘ၀ 52

၃။ နယ်ချဲ့ခေတ် ကရင့်ဘ၀ 53

၄။ ဂျပန်ခေတ် ကရင့်ဘ၀ 54

၅။ စစ်ပြီးခေတ် ကရင့်အခြေအနေနှင့် ကေအဲန်ယူ ပေါ်ပေါက် လာခြင်း 54

၆။ ဗမာပြည်လွတ်လပ်ရေး 55

၇။ ကရင့်တော်လှန်ရေးပေါ်ပေါက်လာပုံ 55

၈။ ဖဆပလခေတ် ကရင့်အခြေအနေ 56

၉။ မဆလခေတ် ကရင့်အခြေအနေ 57

၁၀။ န၀တနှင့် နအဖခေတ် အခြေအနေများ 58

## အခန်း (၁)

# ကရင်လူမျိုးတို့၏
# အဆင့်ဆင့်ဆင်းသက်လာခြင်း မှတ်တမ်းအကျဉ်း

BC ၂၆၁၇ – ကရင်လူမျိုးများ မွန်ဂိုလီးယားမှ စတင်ထွက်ခွာလာ၊

BC ၂၀၁၃ – အရှေ့တာကစ္စတန်ဒေသသို့ ရောက်ရှိလာ၊

BC ၁၈၆၆ – အရှေ့တာကစ္စတန်ဒေသမှ စတင်ထွက်ခွာခြင်း၊

BC ၁၈၆၄ – တိဗက်သို့ ရောက်ရှိလာသည်၊

BC ၁၃၈၈ – တိဗက်မှ စတင်ထွက်ခွာလာခြင်း၊

BC ၁၃၈၅ – တရုတ်ပြည် ယူနန်နယ်သို့ရောက်ရှိလာ၊

BC ၁၁၂၈ – ကရင်လူမျိုးများ (ပထမအသုတ်) ယူနန်နယ်မှနေပြီး အရှေ့တောင်အာရှသို့ ပြောင်းရွှေ့လာခြင်း၊

BC ၁၁၂၅ – ကရင်လူမျိုးများ(ပထမအသုတ်) အရှေ့တောင်အာရှဒေသသို့ ရောက်ရှိလာခြင်း၊

BC ၇၄၁ – ကရင်လူမျိုးများ(ဒုတိယအသုတ်) ယူနန်နယ်မှနေပြီး အရှေ့တောင်အာရှ ဗမာပြည်သို့ ဝင်ရောက်လာခြင်း၊

BC ၇၃၉ – ကရင်လူမျိုးများ(ဒုတိယအသုတ်) ယူနန်နယ်မှနေပြီး ဗမာပြည်တွင်းသို့ နောက်ဆုံးရောက်ရှိလာခြင်း၊

AD ၁၈၁၃ – ဇူလိုင် (၁၆)ရက် သိက္ခာတော်ရ ဆရာကြီး ဒေါက်တာယုဒသန် အရှေ့တောင်အာရှ (ဗမာပြည်)သို့ဝင်ရောက်ပြီး ခရစ်ယာန်ဘာသာ သာသနာပြုခြင်း၊

AD ၁၈၂၄ – အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲပြီးဆုံးပြီး အင်္ဂလိပ်နယ်ချဲ့တို့က ရခိုင်တိုင်းနှင့် တနင်္သာရီတိုင်းဒေသတို့ကို ကျူးကျော်သိမ်းပိုက်လိုက်ခြင်း၊

AD ၁၈၂၈ – ၁၈၂၈ခုနှစ်၊ မေလ-၁၆ရက်နေ့တွင် ကရင်လူမျိုးထဲမှ ပထမဆုံးပုဂ္ဂိုလ်အဖြစ် ဖူးကိုသာဖြူက နှစ်ခြင်းခရစ်ယာန် ဘာသာဝင်အဖြစ် နှစ်ခြင်းမင်္ဂလာခံယူသည်၊

AD ၁၈၃၁ – သာသနာပြုဆရာ ဒေါက်တာ ဂျွန်နသန်ဝိတ်(Mr. Wade)က စကောကရင်စာပေကို တီထွင်ရေးသားပြုစုပေးခဲ့သည်၊

AD ၁၈၄၁ – သာသနာပြုဆရာ ဒေါက်တာ ဘရေတန်(Braytan)က ပိုးကရင် စာပေကို တီထွင်ရေးသားပြုစုပေးခဲ့သည်၊

AD ၁၈၅၂ – ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပြီး ဗြိတိသျှတို့က ပဲခူးတိုင်းကို သိမ်းပိုက်ခဲ့သည်။

AD ၁၈၅၃ – ဆရာကြီးမေဆင်(Mason)က သမ္မာကျမ်းစာတစ်အုပ်လုံးကို ကရင်ဘာသာဖြင့် ရေးသားဘာသာပြန်ပြီး ထုတ်ဝေခဲ့သည်။

**၁၈၈၁ ခုနှစ်**တွင် ကရင်ခေါင်းဆောင်များဖြစ်ကြသည့် ဆရာတီသံပြာ၊ ဆရာမြစ်ဖိုးခွေ၊ ဦးလူနီ၊ ဆရာစောတေးနှင့် ဦးစံလုံး စသူတို့က KNA ခေါ် ကရင်အမျိုးသားအသင်း (Karen National Association) တည်ထောင်ခဲ့ကြသည်။ ဤအသင်း၏ ရည်မှန်းချက်နှင့် ကြိုးပမ်းမှုများမှာ ကရင်တစ်မျိုးသားလုံး အခွင့်အရေးရရှိရေး၊ နိုင်ငံရေးတွင် ရွေးကောက်တင်မြှောက်ခွင့်၊ ရွေးကောက်တင်မြှောက်ခံရဖို့ ပါလီမန်အမတ်များဖြစ်လာရေးနှင့် ကရင်တို့ မိမိလူမျိုးအကြောင်းချင်းရာများအား ဖော်ထုတ်ရေးတို့ ဖြစ်ကြသည်။ ပထမ ကမ္ဘာစစ်မတိုင်မီကာလတွင် ဤအသင်းကြီးသည် များသောအားဖြင့် ကရင်အမျိုးသားများ၏ ပညာရေး၊ ယဉ်ကျေးမှု၊ ကရင့်စာပေ သင်ကြားပို့ချရေး စသည့် လုပ်ငန်းများကိုသာ အဓိကထား ဆောင်ရွက်ခဲ့သည်။ ကရင်အမျိုးသားအသင်းနှင့် ကရင်နှစ်ခြင်း အသင်းတော်တို့၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ကရင်လူမျိုးတို့၏ စာပေ၊ စာနယ်ဇင်း အတော်များများ ပေါ်ပေါက်လာပြီး ဖွံ့ဖြိုးတိုးတက်လာကာ အခြားလူများနည်းတူ ရင်ပေါင်တန်းနိုင်ခဲ့သည်။ အချို့နယ်ပယ်များတွင် အခြားတိုင်းရင်းသား လူမျိုးများ၏ ရှေ့သို့ပင် ရောက်ရှိနိုင်ခဲ့သည်။ ကရင်အမျိုးသားများ၏ အခြားကြိုးပမ်းမှုတစ်ခုမှာ ၎င်းတို့သည် အုပ်ချုပ်ရေးဘက်တွင် ပိုမိုပြီး ပါဝင်ဆောင်ရွက်နိုင်ခွင့် ရရှိလာရေးပင် ဖြစ်သည်။ ကရင်ကျောင်းများအတွက် တာဝန်ယူ အုပ်ချုပ်သောသူများထဲတွင် ကရင်လူမျိုးများ ပိုမိုပါဝင်လာရေးကြိုးပမ်းမှုမှာလည်း ပညာရေး ဝန်ထမ်းအရာရှိများထဲတွင် ကရင်လူမျိုးများပိုမိုပါ ဝင်လာနေပြီး၊ တစ်ချိန်တည်းတွင် ကရင်ကျောင်းများအတွင်း ကရင်ပညာအုပ်များထားရှိလာသည့် အခြေအနေသို့ ရောက်ရှိလာသည်။ KNA အသင်းကြီးလုပ်ခဲ့သမျှ လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ကရင်များ ဖွင့်လှစ်လျက်ရှိသော မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများကို နိုင်ငံတော်အစိုးရမှ အသိအမှတ်ပြုလာရေး၊

(၂) ကရင်ကျောင်းများ ပိုမိုဖွင့်လှစ်ပေးရေး၊

(၃) ကရင်ကျောင်းများတွင် ကရင်စာ သင်ကြရပြီး မြန်မာဘာသာအစား ကရင်ဘာသာကို သင်ကြားရေး၊

(၄) မြန်မာဘာသာမှလွဲ၍ ကျန်ဘာသာရပ် အားလုံးတို့ကို ကရင်ဘာသာဖြင့် သင်ကြားခွင့် ရရှိရေး၊ ကရင်စံပြကျောင်းများ ဖွင့်လှစ်ရေး၊

(၅) ကရင်ကျောင်းများအတွက် ကရင်အရာရှိများသာ ဆောင်ရွက်ခွင့်ရရှိရေး၊

(၆) စကောကရင်များ၏ အမည်များရှေ့တွင် "စော"နှင့် "နော်" စသည်တို့ကို သုံးစွဲရေး၊ ပိုးကရင်များအတွက် "စ"နှင့် "နန်"ကို သုံးစွဲထားရှိရေး၊

(၇) ကရင်အမျိုးသားသီချင်းကို ထားရှိလာနိုင်ခြင်း (သီချင်း၏စာသားမှာ ဆရာစံဘ မှ ပြုစုရေးသားပြီး တေးသွားမှာမူ ပဒိုသာအေးကြီးမှ ပြုစုရေးသားသည်။) ဤ အမျိုးသားသီချင်းကို အမျိုးသားညီလာခံတွင် အတည်ပြုပြီး နိုင်ငံတော်မှလည်း အသိအမှတ်ပြုခဲ့သည်။

(၈) ကရင်အမျိုးသား၊ အမျိုးသမီးများ၏ ဝတ်စုံများ ဖော်ထုတ်ခြင်း၊ ကရင်အမျိုးသမီး ဝတ် လုံချည်နှင့် သင်တိုင်းနက်များကို ခေတ်နှင့်အညီ ပိုမိုကောင်းမွန်လာအောင် ပြုလုပ်ခဲ့ခြင်း၊

(၉) ၁၉၃၈ ခုနှစ်တွင် KNA ကရင်အမျိုးသားအသင်းမှ ကရင်အမတ် စောဘွန်ဆင် ဒီဖိုးမင်းက ပါလီမန်တွင် သလေး လဆန်း (၁)ရက်(ပြာသိုလဆန်း ၁ရက်)ကို ကရင်အမျိုးသားနှစ်သစ်ကူးနေ့အဖြစ် အဆိုပြုတင်သွင်းကာ ပါလီမန်က အတည် ပြုခဲ့သဖြင့် နိုင်ငံတော်အစိုးရမှ အသိအမှတ်ပြုခဲ့သည်။ ယင်းနှစ်အတွက် ကရင် အမျိုးသား ခုနှစ်အဖြစ် (အေဒီ ၁၉၃၉ + ဘီစီ ၇၃၉ = ၂၆၇၈ ခုနှစ်) ဖြစ်သည် ဟု သတ်မှတ်တွက်ချက်ခဲ့ပြီး ပြာသိုလဆန်း (၁)ရက်အား ကရင်အမျိုးသား နှစ်သစ်ကူးနေ့ (သလေး လဆန်း ၁ ရက်) အဖြစ် နှစ်စဉ်နှစ်တိုင်း နိုင်ငံတော် အားလပ်ရက်အဖြစ် ခွင့်ပြုကာ ကရင်နှစ်သစ်ကူးနေ့ကို ကျင်းပခဲ့ကြသည်။

(၁၀)ဖားစည်နှင့် နေရောင်ခြည်တန်းကိုးသွယ်ပါဝင်သည့် အမှတ်သင်္ကေတကို ကရင် အမျိုးသားအလံအဖြစ် အသိအမှတ်ပြုသည်။

**၁၈၈၅ ခုနှစ်** အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီးတွင် ဗြိတိသျှတို့သည် အထက်ဗမာပြည်ကို သိမ်းပိုက်သဖြင့် ဗမာပြည်တစ်ပြည်လုံးသည် ဗြိတိသျှတို့၏ လက်အောက်သို့ ကျရောက်ခဲ့သည်။

**၁၈၈၆ ခုနှစ်** တွင် ဗြိတိသျှတို့က ဗမာပြည်ကို အိန္ဒိယပြည်၏ ပြည်နယ် တစ်နယ်အဖြစ် ၎င်းတို့က အုပ်ချုပ်လျက်ရှိကြောင်း ထုတ်ပြန်ကြေညာသည်။

**၁၉၂၇ ခုနှစ်** တွင် ဆာစံစီဖိုး (Sir San C Po) မှ ဗမာပြည်နှင့် ကရင်လူမျိုး အမည်ရှိစာအုပ် "Burma and the Karens" ကို ရေးသားထုတ်ဝေပြီး တနင်္သာရီတိုင်း အား ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန်တောင်းဆိုလိုက်သည်။

**၁၉၂၈ ခုနှစ်** တွင် ဆာစံစီဖိုးက ဆက်လက်ပြီး ၎င်း၏တောင်းဆိုချက်ကို ဗြိတိသျှအစိုးရထံ တင်ပြလိုက်သည်။ သို့ရာတွင် ဆာစံစီဖိုး၏ တောင်းဆိုချက်ကို လက်ခံဆွေးနွေးခြင်းမရှိပါ။

**၁၉၃၇ ခုနှစ်** တွင် ဗမာပြည်သည် သီးခြားတိုင်းပြည်တစ်ပြည်အဖြစ် ဗြိတိသျှ အစိုး၏ အုပ်စိုးမှုအောက်တွင် ရှိလေသည်။ ၁၉၃၉ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့ ဆန့်ကျင် ရေး လှုပ်ရှားမှုမှာ တစ်ပြည်လုံး ပျံ့နှံ့လာပြီး၊ နိုင်ငံလုံးဆိုင်ရာ အစည်းအဝေးကြီးများ ပြုလုပ်ကြကာ၊ တိုင်းပြည်လွတ်လပ်ရေး ပြန်လည်ရရှိရန် တောင်းဆို တိုက်ပွဲဝင်လျက် ရှိသည်။

**၁၉၄၁ ခုနှစ်** တွင် ဝန်ကြီးချုပ်ဦးစောမှ အင်္ဂလန်သို့ သွားရောက်ပြီး ဗြိတိသျှ အစိုးရနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဒီဇင်ဘာ (၈) ရက် နေ့တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ပေါက်ကွဲဖြစ်ပေါ်ခဲ့သည်။ ဗြိတိသျှကို တိုက်ထုတ်ရန်အတွက် ဂျပန်များကို ဗမာ ပြည် BIA တပ်များက ခေါ်လာခဲ့ကြသည်။

**၁၉၄၂ ခုနှစ်** တွင် ဂျပန်နှင့် BIA တပ်များက ဗမာပြည်ရှိ Victoria Point (ဝိတိုရိယအငူ)နှင့် ရန်ကုန်မြို့ကို တိုက်ခိုက်သိမ်းပိုက်လိုက်သည်။ ယင်းကြောင့် ဗြိတိသျှ တို့သည် မန္တလေးသို့ ပြောင်းရွှေ့လိုက်ကြပြီးနောက် အိန္ဒိယ ပြည်သို့ ဆုတ်ခွာသွားသည်။ ဤသို့ ဆုတ်ခွာရာတွင် ဗြိတိသျှတို့နှင့်အတူ ကရင်စစ်သားအင်အား ၂၀၀၀ ခန့် လိုက် ပါ သွားသည်။ BIA တပ်က ကရင်များအား ဗြိတိသျှတို့၏သူလျှိုများ၊ ဗြိတိသျှတို့အား ကူညီသူများဟု စွပ်စွဲပြီး၊ ကရင်ကျေးရွာများသို့ သွားရောက်ကာ ကရင်ခေါင်းဆောင် များကို ဖမ်းဆီးပြီး အချို့ကိုသတ်ဖြတ်ကာ အချို့ကို ညှဉ်းပန်းနှိပ်စက်သည်။ ကျေးရွာ

များရှိ ကရင်လူထု၏ ဥစ္စာပစ္စည်းများကို လုယက်တိုက်ခိုက်ခြင်း၊ ကရင်အမျိုးသမီးများအား မုဒိမ်းကျင့်စော်ကားခြင်း၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း စသည့် အမှုများကို မြစ်ဝကျွန်းပေါ်ဒေသတွင် ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတ၊ မော်ဘီနှင့် အရှေ့တိုင်းဒေသဘက်တွင်မူ ဖာပွန်၊ ရွှေကျင်၊ သထုံတို့တွင် ကျူးလွန်ခဲ့ကြသည်။ မြစ်ဝကျွန်းပေါ်တွင် BIA တို့ကို ဦးဆောင်ဦးရွက်ပြု၍ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သူမှာ မန်းရွှေထွန်းကြာဖြစ်သည်။

**၁၉၄၃ ခုနှစ်** တွင် ကရင်အမျိုးသားတို့သည် ၎င်းတို့၏ အမျိုးသားဂုဏ်သိက္ခာ၊ နိုင်ငံရေးအခွင့်အရေး ပြန်လည်ရရှိနိုင်ရေးအတွက် ဂျပန်တို့နှင့် ပူးပေါင်းဆောင်ရွက်နေသော ဗမာလူမျိုးတို့နှင့် ပြန်လည်ညီညွတ်ရန်အတွက် ဆောင်ရွက်ရန် "Central United Karen Association" ကို ဖွဲ့စည်းကြသည်။ မန်းစောပုသည် ကရင်-ဗမာ ညီညွတ်ရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကရင်ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ဘိလပ်ရှိ ဗြိတိသျှအစိုးထံသို့ အိန္ဒိယနိုင်ငံသို့ ထွက်ပြေးလိုက်ပါသည့် ကရင်စစ်သား ၂၀၀၀ မှ သဘောတူ ဆုံးဖြတ်ချက်တစ်စောင်ကို ပေးပို့သည်။ ၎င်းသဘောတူ ဆုံးဖြတ်ချက်များတွင် ဗြိတိသျှအစိုးရမှနေပြီး ကရင်အမျိုးသားများအတွက် ပြည်နယ် ရရှိရေးအတွက် စဉ်းစားပေးရန် တောင်းဆိုချက် ပါဝင်သည်။

**၁၉၄၅ ခုနှစ် ဇွန်လ(၂၉)ရက် မှ ဇူလိုင်(၅)ရက်** နေ့အထိ ကရင်လူထုအစည်းအဝေးပွဲကြီးတစ်ခုကို ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ ဤလူထုအစည်းအဝေးပွဲကြီးတွင် အောက်ပါဆုံးဖြတ်ချက်များကို သဘောတူချမှတ်ခဲ့ကြသည်။

(က) K.C.O ခေါ် ကရင်ဗဟိုအဖွဲ့ချုပ် (Karen Central Oraganization) ကို ဖွဲ့စည်းထူထောင်ရန်၊

(ခ) တနင်္သာရီတိုင်းကို သီးခြားကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် တောင်းဆိုသည်။

(ဂ) ကရင့်ကိုယ်စားလှယ်များကို ဘိလပ်သို့ စေလွှတ်ရန် ဆုံးဖြတ်သည်။

(ဃ) စစ်တောင်းမြစ် အရှေ့ဘက်ကမ်း ဒေသများကိုလည်း ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ကြသည်။

**၁၉၄၆ ခုနှစ်** - ကရင်တစ်မျိုးသားလုံးပါဝင်သည့် ကွန်ဂရက်ကို **၃.၁.၄၆** ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ကျင်းပခဲ့သည်။ ဤကွန်ဂရက်တွင် ယခင်ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အချို့ကို ပြုပြင်ပြောင်းလဲခဲ့သည်။ တနင်္သာရီတိုင်းနှင့် ဧရာဝတီတိုင်းတို့ကို သီးခြားကရင်ပြည်နယ်အဖြစ် သတ်မှတ်ရေး စဉ်းစားသွားရန် တောင်းဆိုသည်။

**၁၉၄၆ ခုနှစ် - ဩဂုတ်လ** မှ **ဒီဇင်ဘာလ** အထိ ကရင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ (Good Will Mission) ကို အင်္ဂလန်နိုင်ငံသို့ စေလွှတ်ပြီး ၎င်းကိုယ်စားလှယ်အဖွဲ့အနေဖြင့် အင်္ဂလိပ်အစိုးရနှင့် အင်္ဂလန်ပြည်သူလူထုအား ကရင်အရေးနှင့်ပတ်သက်ပြီး သွားရောက်ရှင်းလင်းတင်ပြရန်ဖြစ်သည်။

ဤအဖွဲ့ကို စောဆစ်ဒနီလူနီ၊ စောဖိုးချစ်၊ စောသာဒင်တို့က ဦးဆောင်ပြီး **၁၉၄၆ ခုနှစ် နိုဝင်ဘာ (၁၁)ရက်** နေ့တွင် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသွားကြသည်။ စောဘဦးကြီးကိုလည်း ဤအဖွဲ့အား အကူအညီပေးရန်အတွက် အင်္ဂလန်သို့လိုက်ပါသွားရန် ရွေးချယ်ခဲ့သည်။ ဤအဖွဲ့နှင့်အတူ အင်္ဂလန်ဘုရင်မကြီးနှင့် အင်္ဂလန်ပြည်သူများထံသို့ ပန်ကြားလွှာတစ်စောင်ပါ ပါးလိုက်သည်။ ဤပန်ကြားလွှာသည် ကရင်အမျိုးသားများအား သဘော်ာဆိပ်ကမ်းမြို့ပါရှိသည့် ကရင်ပြည်နယ်တစ်နယ် ပေးရေးတွင် အာမခံကြရန် ပါရှိသည်။

**၁၉၄၇ ခုနှစ်** - ၁၇ . ၁ . ၄၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလန်သို့ သွားရောက်ပြီး အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုလိုက်သည်။ ဤစာချုပ်ထဲတွင် ကရင်တို့နှင့်ပတ်သက်ပြီး မည်သည့်အကြောင်းအရာမျှ ဖော်ပြခြင်း မရှိပါ။ ဤကဲ့သို့ ဖြစ်ခြင်းကြောင့် ကရင်များက ဤစာချုပ်ကို ဆန့်ကျင်ကြသည်။

## အခန်း (၂)

# KNU နှင့် ကရင့်တော်လှန်ရေးလှုပ်ရှားမှု
# ၁၉၄၇ ခုနှစ် မှ ၂၀၀၈ ခုနှစ်အထိ
# ခုနှစ်အလိုက် သမိုင်းမှတ်တမ်းအကျဉ်း

## (၁) KNU ကရင်အမျိုးသားအစည်းအရုံးကို ဖွဲ့စည်းခြင်း

### ပထမအကြိမ် ကေအဲန်ယူကွန်ဂရက် (၅ . ၂ . ၄၇)

*မှတ်ချက်။ ။ ၁၉၄၇ ခုနှစ် တစ်နှစ်တည်းအတွင်း ကေအဲန်ယူကွန်ဂရက် (၃)ကြိမ် ပြုလုပ်ကျင်းပခဲ့ကြသည်။*

၅ . ၂ . ၄၇ ရက်နေ့တွင် ကရင်အမျိုးသားအစည်းအဝေးကြီးကို ရန်ကုန်မြို့ စမ်းချောင်းအရပ်တွင် ပြုလုပ်ကျင်းပခဲ့သည်။ ကရင်အစည်းအရုံးများ ဖြစ် ကြသည့် KNA, BKNA, KCO, KYO စသည်တို့ အားလုံး တက်ရောက်ကြပြီး ၄င်းတို့ တစ်ပေါင်းတစ်စည်းဖြစ်ရန် ဆွေးနွေးဆုံးဖြတ်ကြသည်။ ယင်းကြောင့် ကေအဲန်ယူ- ကရင်အမျိုးသား အစည်းအရုံး ဖွဲ့စည်းရန် ဆုံးဖြတ်ကြသည်။ KNU ကရင်အမျိုးသား အစည်းအရုံး၏ ခေါင်းဆောင်များအဖြစ် (၁) စောစံဖိုးသင်- ဥက္ကဋ္ဌ၊ (၂) ဦးလုဖေ- ဒုဥက္ကဋ္ဌ၊ (၃) အတွင်းရေးမှူး- ဆရာသာထို၊ (၄) တွဲဖက်အတွင်းရေးမှူး-မန်းဂျိမ်း(စ်)ထွန်းအောင်တို့နှင့် တကွ အခြားသော အလုပ်အမှုဆောင်ကော်မတီဝင် ခေါင်းဆောင်များကို တင်မြှောက်လိုက်ကြသည်။

**၁၂ . ၂ . ၄၇** ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းမှ ပင်လုံ အစည်းအဝေးကို ခေါ်ယူပြီး ရှမ်း၊ ကချင်၊ ချင်း ခေါင်းဆောင်များ တက်ရောက်ကြကာ ဖဆပလ အစိုးရနှင့် ပူးပေါင်းကြရန် သဘောတူကြသည်။ ပြည်မနှင့် တောင်တန်းဒေသအကြား ခွဲခြားခြင်း မရှိဘဲ လွတ်လပ်ရေးကို တစ်ချိန်တည်း တစ်ပြိုင်တည်း ရယူကြရန် သဘောတူကြသည်။ ဤသဘောတူစာချုပ်ကို ပင်လုံစာချုပ်အဖြစ် အသိအမှတ်ပြုကြပြီး ဤစာချုပ်ထဲတွင် လူမျိုးစုများသည် (၁၀)နှစ်ကာလအတွင်း အတူတကွ ပူးပေါင်းနေထိုင်ကြရန်နှင့် (၁၀)နှစ်ပြည့်သည့်နောက် ခွဲထွက်လိုပါက ခွဲထွက်နိုင်ကြောင်း သဘောတူညီမှု ရရှိထားသည်။ ဤစာချုပ်အရ ဗမာပြည်အား အခြေခံအားဖြင့် ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဖွဲ့စည်းထားခြင်းဖြစ်သည်။

**၃၀ . ၃ . ၄၇** ရက်နေ့ - ကေအဲန်ယူမှ အင်္ဂလိပ်အစိုးထံ ကရင်များပါလီမန်တွင် ပိုမို အခွင့်အရေးရရှိရေးကို တောင်းဆိုသည်။ ယင်း တောင်းဆိုချက်များမှာ ဒေသများတွင် ကရင်ကိုယ်စားလှယ်ဦးရေ တိုးပေးရေး၊ ဝန်ကြီးနေရာ ၂၅ ရာခိုင်နှုန်း တိုးလာရေး၊ ကရင်တပ်များ ရှိရင်းအတိုင်း ထားရှိရေး၊ ကရင်ပြည်ပေးရေးအပေါ် သဘောထားနှင့် ကရင်လူဦးရေ သန်းခေါင်စာရင်း ကောက်ယူရေး၊ ဤတောင်းဆိုချက်များအား လက်ခံခြင်း မပြုပါက ကေအဲန်ယူအနေဖြင့် သဘောတူစာချုပ်ကို ဆန့်ကျင်ပြီး စောဘဦးကြီးအနေဖြင့် ဝန်ကြီးရာထူးမှ နှုတ်ထွက်သွားရေး တို့ ဖြစ်ပေသည်။

အင်္ဂလိပ်အစိုးရနှင့် ဖဆပလတို့က ဤတောင်းဆိုချက်များအနက် ကရင်လူဦးရေ သန်းခေါင်စာရင်း ကောက်ယူရေးတစ်ခုကိုသာ လက်ခံသဖြင့် ကေအဲန်ယူမှ အောင်ဆန်း-အက်တလီစာချုပ်ကို ဆန့်ကျင်လေတော့သည်။ KYO ခေါင်းဆောင်များက ဤကဲ့သို့ ဆန့်ကျင်မှုကို သဘောမတူသဖြင့် အစည်းအဝေးခန်းမမှ ထွက်ခွာသွားသည်။ ၄င်းတို့နှင့်အတူ ကေအဲန်ယူဥက္ကဋ္ဌဖြစ်သည့် စောစံဖိုးသင် လိုက်ပါလေသည်။

**၁၄ . ၄ . ၄၇** - ကေအဲန်ယူ အရေးပေါ် ကွန်ဂရက်ခေါ်ဆိုခြင်းမှာ ဒုတိယအကြိမ်မြောက် ကွန်ဂရက်ဖြစ်သည်။ ဤကွန်ဂရက်ကို ရန်ကုန်၌ပင် ကျင်းပခဲ့သည်။ စံဖိုးသင်မှာ ကေအဲန်ယူဥက္ကဋ္ဌနေရာမှ နှုတ်ထွက်သွားသဖြင့် ဤကဲ့သို့ ကွန်ဂရက်ကို ခေါ်ဆိုခြင်း ဖြစ်သည်။ ဤကွန်ဂရက်က ကရင်တစ်ဦးတစ်ယောက် အခွင့်အရေးကို ထိခိုက်နစ်နာအောင် လုပ်ဆောင်ခြင်းသည် ကရင်တစ်မျိုးသားလုံးကို ထိခိုက်နစ်နာအောင် ပြုလုပ်ခြင်းအဖြစ် မှတ်ယူမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။ ပါလီမန်ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံကြသည့် ကရင်များသည် ကရင်လူထု၏ ကိုယ်စားလှယ်များ

မဟုတ်ကြသဖြင့် ၎င်းတို့အား လက်ခံအသိအမှတ် မပြုပေ။ ပါလီမန် ရွေးကောက်ပွဲကို ဆန့်ကျင်ပြီး စောဘဦးကြီးကို ဝန်ကြီးရာထူးမှ နှုတ်ထွက်ခဲ့သဖြင့် ချီးကျူးဂုဏ်ပြုသည်။ ၎င်းကို ကေအဲန်ယူဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ကြလေသည်။ စောစံဖိုးသင်မှာမူ စောဘဦးကြီး၏နေရာတွင် ဝန်ကြီးအဖြစ် ဝင်ရောက်ဆောင်ရွက်လေသည်။

**၂၆ . ၇ . ၄၇** - ဤနေ့ရက်တွင် ကေအဲန်ဒီအိုကို ဖွဲ့စည်းသည်။ တိုင်း နိုင်ငံ ရရှိရေး တောင်းဆိုမှုကြောင့် တင်းမာမှု ပိုမိုကြီးထွားလာမည်ဖြစ်ပြီး လက်နက်ကိုင် တိုက်ပွဲအထိ ဖြစ်ပွားနိုင်မည် ဖြစ်သဖြင့် ကေအဲန်ဒီအိုကို ယခုကဲ့သို့ ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။ ကေအဲန်ဒီအိုသည် ကေအဲန်ယူ၏ လက်ရုံးအဖွဲ့အစည်းအဖြစ် တည်ထောင် ခြင်း ဖြစ်သည်။ လူထု၏အသက်အိုး အိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် လည်းဖြစ်သည်။ ဒေသအလိုက် ဒေသတစ်ခုလျှင် ကေအဲန်ဒီအို တပ်မဟာတစ်ခု ဖွဲ့စည်းတည်ထောင်ပြီး အရှေ့တိုင်းအတွက် ကရင်နီတပ်မဟာ၊ တောင်ငူတပ်မဟာ၊ ညောင်လေးပင်တပ်မဟာ၊ သထုံတပ်မဟာ၊ မော်လမြိုင်တပ်မဟာများကို ဖွဲ့စည်းသည်။ မြစ်ဝကျွန်းပေါ်တိုင်းကိုမူ မြစ်ဝကျွန်းပေါ်ရှိ ခေါင်းဆောင်များကို ညောင်တုန်းတွင် ခေါ်ယူ ပြီး အစည်းအဝေးကျင်းပကာ ကေအဲန်ဒီအိုတပ်မဟာများကို ဆက်လက် ဖွဲ့စည်း တည်ထောင်သွားမည်ဟု ဆုံးဖြတ်သည်။

**၁၉ . ၇ . ၄၇** - ဗိုလ်ချုပ်အောင်ဆန်းနှင့် ၎င်း၏အစိုးရဝန်ကြီးအဖွဲ့များ လုပ်ကြံ သတ်ဖြတ်ခြင်းခံရသည့်နေ့ ဖြစ်သည်။ ဦးနု မှာ နိုင်ငံတော်ဝန်ကြီးချုပ် ဖြစ်လာသည်။

**၁၅ . ၉ . ၄၇** - ပါလီမန်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေပုဒ်မ ၁၈၀-၁၈၁ အရ ကရင်ပြည်ပေးရန်အတွက် ကရင်နီပြည်နှင့် ဖာပွန်ဒေသကိုပေးရန် သတ်မှတ်သည်။ သို့ရာတွင် ကရင်ခေါင်းဆောင်များနှင့် ကရင်နီခေါင်းဆောင်များက လက်မခံကြပါ။ ၁၉၄၇ ခုနှစ် အောက်တိုဘာလတွင် ဦးနုမှာ ဝန်ကြီးချုပ်ဖြစ်လာသည်။ ဦးနုသည် ဝန်ကြီးချုပ် ဖြစ်လာသည်နှင့်တပြိုင်နက် အင်္ဂလန်သို့သွားရောက်ပြီး သဘောတူ စာချုပ် ကို ချုပ်ဆိုသည်။ ဤစာချုပ်မှာ နု-အက်တလီစာချုပ်အဖြစ် အများသိကြသည်။

## ဒုတိယအကြိမ်မြောက် ကေအဲန်ယူကွန်ဂရက် (၁၀ . ၁၀ . ၄၇)

ဤကွန်ဂရက်ကို **မော်လမြိုင်မြို့**တွင် ကျင်းပသည်။ ဤကွန်ဂရက်တွင် ကရင် ပြည်နှင့် ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂတွင် တင်ပြရန်၊ တိုင်းပြည်၏အဖွဲ့အစည်း၊

အုပ်ချုပ်ပုံ ဥပဒေကို ရေးဆွဲရန်၊ ကရင်ပြည်အဖြစ် တောင်ငူအပါအဝင်ဖြစ်သည့် တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ အင်းစိန်နှင့် ဟံသာဝတီခရိုင်၊ ညောင်လေးပင်ခရိုင်ခွဲ စသည်တို့ဖြင့် သတ်မှတ်သွားရန်၊ ကရင့်အမျိုးသား အလံတော်ကို ရှိရှိသေသေ ဂုဏ်ပြု အသုံးချသွားရန် စသည့်အချက်များကို ဆုံးဖြတ်ကြသည်။

## မွန်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း

ဒုတိယအကြိမ် ကေအဲန်ယူကွန်ဂရက်အပြီး ကေအဲန်ယူခေါင်းဆောင်တို့သည် မွန်ခေါင်းဆောင်များနှင့် ဆက်လက် တွေ့ဆုံဆွေးနွေးကြသည်။ ဤဆွေးနွေးပွဲတွင် ၎င်းတို့သည် ညီညီညွတ်ညွတ်ဖြင့် ကရင်ပြည်နှင့် မွန်ပြည် ရရှိသွားသည်အထိ လက်တွဲပြီး တိုက်ပွဲဝင်သွားကြရန်၊ ဆက်သွယ်ရေးလုပ်ငန်း၊ နိုင်ငံရေး၊ နိုင်ငံခြားရေး လုပ်ငန်း စသည့်တို့တွင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပြီး အပြန်အလှန် အသိပေး အကြောင်းကြားကြရန်၊ တစ်ခုတည်းသော ငွေကြေးစနစ်ကို အတူတကွထားရှိရန်၊ ကရင်အား ထိခိုက်နစ်နာစေခြင်းသည် မွန်အား နစ်နာစေခြင်းသာဖြစ်ပြီး အပြန်အလှန် အားဖြင့် မွန်အား ထိခိုက်နစ်နာစေခြင်းသည် ကရင်ကို ထိခိုက်နစ်နာစေခြင်းသာ ဖြစ်ကြောင်းမှတ်ယူကြရန် စသည်တို့ကို သဘောတူ ဆွေးနွေးဆုံးဖြတ်ကြသည်။

**၁၇ . ၁၀ . ၄၇** - အောင်ဆန်းအက်တလီစာချုပ်အရ အင်္ဂလိပ်တို့က ၎င်းတို့လက်ထဲတွင် စီးပွားရေးနှင့် ကာကွယ်ရေးဌာနများကို ဆက်လက်ကိုင်ထားရန် ဖြစ်သည်။

## (၂) ဗမာပြည်လွတ်လပ်ရေးရရှိခြင်းနှင့် ကေအဲန်ယူ နှစ်ပတ်လည် အစည်းအဝေး၊ ရန်ကုန် (၁၉၄၈)

**၄ . ၁ . ၄၈** - ဗမာပြည် အင်္ဂလိပ်ထံမှ လွတ်လပ်ရေးရရှိသည့်နေ့အပြီး နောက်တစ်နေ့ ၅ . ၁ .၄၈ တွင် ကရင်များက ၎င်းတို့၏ လွတ်လပ်ရေးအနေဖြင့် ထုတ်ပြန်ကြေညာသည်။

**၁၁. ၂. ၄၈** - ကရင်အမျိုးသားများ ကရင်ပြည်ရရှိရေးအတွက် ဆန္ဒပြ တောင်းဆိုခြင်း၊ ဤဆန္ဒပြပွဲမှာ တစ်မျိုးသားလုံး အတိုင်းအတာဆောင်ပြီး ဆန္ဒပြသူ စုစုပေါင်း လေးသိန်းကျော်ရှိခဲ့သည်။ ဤဆန္ဒပြပွဲတွင် တင်ပြသည့် ကြွေးကြော်သံများမှာ–

(၁) ကရင်ပြည်ချက်ချင်းပေး။
(၂) ကရင်တစ်ကျပ်၊ ဗမာတစ်ကျပ် ချက်ချင်းပြ။
(၃) လူမျိုးရေးအဓိကရုဏ်း အလိုမရှိ။
(၄) ပြည်တွင်းစစ်အလိုမရှိ။

ဤဆန္ဒပြပွဲ၏ နိုင်ငံရေးအဓိပ္ပာယ်မှာ ကရင်အမျိုးသားများအား နိုင်ငံရေးအမြင်နိုးကြားတက်ကြွလာခြင်း၊ ကရင်အမျိုးသားတို့ကလည်း တိုင်းပြည်ကို လိုလားလာကြခြင်း(လွတ်လပ်ရေး)၊ ဒီမိုကရေစီအခွင့်အရေးကိုလည်း လိုလားခြင်း(တန်းတူရေး)၊ ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေး စသည်များဖြစ်သည်။ ဤဆန္ဒပြပွဲသည် ကရင်လူမျိုးတို့၏ ရဲစွမ်းသတ္တိနှင့် နိုင်ငံရေး အခွင့်အရေးကို လက်ဦးမှုရှိရှိ ရယူရေးလည်း ဖြစ်ပြီး ကရင်များကို နိုင်ငံတကာမှ ပိုမိုသိရှိလာကြသည်။

**၃ . ၃ . ၄၈** - ကေအဲန်ယူ နှစ်ပတ်လည် အစည်းအဝေးကို **ရန်ကုန်မြို့**တွင် ကျင်းပကြသည်။ ဤအစည်းအဝေးမှ ကရင်ပြည် ရရှိရေးအတွက် တစ်ခုတည်းသော လမ်းကြောင်းမှာ စစ်ရေးအရ တိုက်ပွဲဝင်ရေးပင် ဖြစ်ကြောင်း ဆုံးဖြတ်သည်။ ဤအစည်းအဝေး ပြုလုပ်ကျင်းပစဉ် ဦးနုက စောဘဦးကြီးကို ထမင်းဖိတ်ကျွေးပြီး ယခုကဲ့သို့ ပြောကြားခဲ့သည်။ ကရင်ပြည်ရရှိရေးအတွက် လမ်းနှစ်လမ်းရှိသည်။ (၁) ပါလီမန်အတွင်း တောင်းဆို တိုက်ပွဲဝင်ခြင်း၊ (၂) လက်နက်ကိုင် တိုက်ပွဲနည်းလမ်းဖြင့် ဆောင်ရွက်ခြင်း တို့ ဖြစ်သည်။ ဦးနုအနေဖြင့် ပါလီမန်နည်းဖြင့် တောင်းဆိုတိုက်ပွဲဝင်ရန် တိုက်တွန်းနှိုးဆော်သည်။

**၁၉၄၈ ခု မတ်လ ၁၀ ရက်** - ကေအဲန်ယူနှင့် ဖဆပလအစိုးရ အသစ်တဖန် ပြန်လည် တွေ့ဆုံကြသည်။ ဤတွေ့ဆုံပွဲတွင် ဦးနုက ယခုကဲ့သို့ ဆိုသည်။ ကရင်များ ကရင်ပြည်တောင်းရေးတွင် ပေးနိုင်ခြင်း မရှိပါ။ ထို့ကြောင့် ကရင်များက ဗမာကိုတိုက်လျှင် ဗမာကလည်း ပြန်ပြီးတိုက်ရလိမ့်မည်။ ဤတွေ့ဆုံပွဲတွင် စောဘဦးကြီးနှင့်အတူ တက်ရောက်ကြသည့် ကရင်ခေါင်းဆောင်များမှာ ဆရာသာထို၊ စောသာဒင်၊ မန်းဂျိမ်း(စ်)ထွန်းအောင်နှင့် စောဘဲလေတို့ ဖြစ်ကြသည်။ ဖဆပလ အစိုးရဘက်တွင် ဦးနု၊ ဦးဖိုးကွန်း၊ ဦးအုန်း၊ ဦးဝင်းဖေတို့တက်ရောက်ကြသည်။ ဤတွေ့ဆုံပွဲအပြီးနောက်ပိုင်း နေ့စဉ်ထုတ်သတင်းများတွင် ကရင်တို့၏လှုပ်ရှားမှုများကို နည်းမျိုးစုံ အဆိုးမြင် လှုပ်ရှားမှုအဖြစ် ရေးသားကြသည်။ အထူးသဖြင့် ကေအဲန်ယူ၏လှုပ်ရှားမှုများကို ဖော်ပြရေးသားကြခြင်းဖြစ်သည်။

**၁၉၄၈ မတ်လ (၂၈) ရက်** - ဗကပ များ ထကြွပြီး ဖဆပလအစိုးရကို ပုန်ကန်ခြားနားကာ တောခိုသွားသည်။ ၄င်းတို့ကို BCP ဟု ခေါ်ဆိုသည်။

**၁၉၄၈ ဇွန်လ (၁၄) ရက်** - ရဲဘော်ဖြူများ ဖဆပလကို ပြန်လည်ဆန့်ကျင်ပြီး တောခိုသွားသည်။

**ဩဂုတ်လ** - ဖဆပလအစိုးရတပ် ဗမာ့တပ်မတော်မှ တပ်ရင်း(၁)နှင့် တပ်ရင်း(၃) (သရက်နှင့် မင်္ဂလာဒုံတွင် အခြေစိုက်)အစိုးရကို တော်လှန်ဆန့်ကျင်ကြသဖြင့် ဖဆပလအစိုးရအတွက် လုံခြုံမှု မရှိတော့ချေ။ ထိုအချိန်တွင် ဖဆပလအစိုးရက ကေအဲန်ယူနှင့် ကေအဲန်ဒီအိုကို အကူအညီတောင်းကာ ရန်ကုန်မြို့နှင့် ရန်ကုန်မြို့ ဝန်းကျင်ဒေသများ၏ လုံခြုံရေးအတွက်ကူညီရန် တောင်းဆိုသည်။ ကေအဲန်ဒီအို နှင့် MNDO မွန်အဖွဲ့တို့ ပူးပေါင်းကြပြီး **ဩဂုတ်လ (၃၁) ရက်** နှင့် **စက်တင်ဘာလ (၁၅)ရက်** နေ့များတွင် မော်လမြိုင်၊ သထုံ၊ ရွှေကျင်နှင့် ကျောက်ကြီးမြို့များကို တိုက်ခိုက်သိမ်းပိုက်လိုက်ကြသည်။ ဖဆပလအစိုးရမှ ကေအဲန်ယူခေါင်းဆောင်များနှင့် တွေ့ဆုံပြီး သိမ်းပိုက်ထားသည့်မြို့များကို ပြန်အပ်ရန်နှင့် ဤကိစ္စအတွက် ကရင်တို့၏ လက်နက်များကို သိမ်းပိုက်ခြင်း မပြုရန် အာမခံသဖြင့် ကရင်ခေါင်းဆောင်များကလည်း အေးဆေးစွာဖြင့် ယင်းမြို့များကို ဖဆပလ အစိုးရထံ ပြန်အပ်လိုက်သည်။ ဤကဲ့သို့ ကရင်များက မြို့များကို တိုက်ခိုက် သိမ်းပိုက်အုပ်ချုပ်ခွင့် ရရှိလာသဖြင့် ၄င်းတို့သည် သွေးကြွလာပြီး မာနတက်လာသည်။ ယင်းကြောင့် လူထု ဆန့်ကျင်ရေးလုပ်ရပ်များ ပေါ်ပေါက်လာသည်။ ဤသို့ဖြင့် တင်းမာမှုများသည် တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာကာ ဖဆပလအစိုးရမှ ကရင်လူထုအား မတရား ဖိနှိပ်ပြုကျင့်မှုများ ကြာလေ တိုးများလာလေ ဖြစ်လာသည်။

**၁၉၄၈ ခု ဒီဇင်ဘာလ** - ဖဆပလအစိုးရမှ UMP တပ်များနှင့် သစ်တောထိန်းတပ်များရှိ ကရင်စစ်သားတို့၏ လက်နက်အားလုံးကို သိမ်းပိုက်လိုက်သည်။ နောက်များမကြာမီ ဖဆပလအစိုးရက မော်လမြိုင်၊ မြိတ်ထားဝယ်၊ သာယာဝတီ၊ ဟင်္သာတ အစရှိသည့်မြို့များရှိ ကေအဲန်ဒီအိုခေါင်းဆောင်များအားလုံးကို ဖမ်းဆီးလိုက်သည်။

**၂၅ . ၁၂ . ၄၈** ရက်နေ့တွင် မြိတ်ထားဝယ်ခရိုင်အတွင်းရှိ **ပုလော**ကျေးရွာတွင် ဖဆပလ လဲဗီးတပ်များက ခရစ်စမတ် ပွဲတော်ကို ကျင်းပနေသည့် အပြစ်မဲ့ ရွာသူရွာသားများအား ရုတ်တရက်ဝင်ရောက်ပစ်ခတ်ကြသည်။ ဤကဲ့သို့ ဘုရားဝတ်ပြုစဉ် ပစ်ခတ်မှုကြောင့် အမျိုးသမီးနှင့် ကလေးများအပါအဝင် ရွာသားအတော်များများ သေကြေ ဒဏ်ရာရကြသည်။

## (၃) ကရင့်တော်လှန်ရေး စတင်ခြင်းနှင့် အင်းစိန်တိုက်ပွဲ (၁၉၄၉)

**၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်** - ဖဆပလအစိုးရက ကေအဲန်ယူအား မတရားအသင်းအဖြစ် ထုတ်ပြန်ကြေညာလိုက်သည်။ ကရင့်လက်နက်များအား လိုက်လံ သိမ်းပိုက်ကာ ကရင်ခေါင်းဆောင်များအားလည်း ဖမ်းဆီးကြသည်။

**၂၀ . ၁ . ၄၉ သနပ်ချောင်းအရေးအခင်း** - ဖဆပလ လဲဗီးတပ်များက သနပ်ချောင်းရွာရှိ ကရင်ရွာသားများကို သွားရောက်ညှဉ်းပန်းနှိပ်စက်ကြသည်။ ၄င်းတို့ ပိုင် ပစ္စည်းများကိုလည်း လုယက်ယူငင်သည်။ အမျိုးသမီးများကို မုဒိမ်းကျင့်စော်ကားကြသည်။ ရွာသားအတော်များကို သတ်ဖြတ်ကြပြီးနောက် တစ်ရွာလုံးကို မီးရှို့ ဖျက်ဆီးလိုက်သည်။

**၂၈ . ၁ . ၄၈ နေ့ည** တွင် ဖဆပလ လဲဗီးတပ်များက ကေအဲန်ယူ ဗဟိုဌာနချုပ် အပါအဝင် ရန်ကုန်မြို့ အလုံ-စမ်းချောင်း သူဌေးကုန်းအရပ်ရှိ ကရင့်ရပ်ကွက်ကို လက်နက်ဖြင့် သွားရောက်ဝိုင်းထားသည်။ ၄င်းနောက် ကရင်လူထုအား မိုက်ရိုင်းစွာအော်ဟစ် ဆဲဆို ကြိမ်းမောင်းပြီးနောက် သေနတ်များကိုလည်း စည်းမဲ့ကမ်းမဲ့ ပစ်ခတ်ကာ ခြိမ်းခြောက်ကြသည်။ ဤကဲ့သို့ ပစ်ခတ်ခြင်းကြောင့် ကရင်အမျိုးသား၊ အမျိုးသမီး (၁၀)ဦး သေဆုံးရပြီး ပစ္စည်းများ လုယက်ခြင်း၊ အိမ်အချို့ မီးရှို့ဖျက်ဆီးခြင်း ပြုလုပ်ခဲ့သည်။

**၃၁ . ၁ . ၄၉ နံနက်ပိုင်း** - ဖဆပလအစိုးရက ကေအဲန်ယူအား မတရားအသင်းအဖြစ် ထုတ်ပြန်ကြေညာလိုက်ပြီးနောက် ကရင်အမျိုးသားရပ်ကွက်များဖြစ်သည့် သမိုင်းနှင့် ကေအဲန်ဒီအိုဌာနချုပ်ထားရှိသည့် အင်းစိန် စသည့်နေရာများကို ဝင်ရောက် တိုက်ခိုက်လေတော့သည်။ ထို့ကြောင့် နောက်ဆုံးအနေဖြင့် ကရင်အမျိုးသားများသည် မိမိကိုယ်မိမိ ကာကွယ်ရန်အတွက် အခြားရွေးချယ်စရာ နည်းလမ်း မရှိတော့ဘဲ ဖဆပလအစိုးရအား စတင်ပြီး တော်လှန်ပုန်ကန်ကြလေတော့သည်။ ဖဆပလ တပ်များသည် အင်းစိန်ရှိ ကေအဲန်ဒီအိုဌာချုပ်ကို သုံးရက်အတွင်း အနိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ထားသည်။ သို့ရာတွင် ကရင်များက ရွပ်ရွပ်ချွံချွံ ခုခံတိုက်ခိုက်ပြီး ရန်သူများကို တွန်းလှန်နိုင်ခဲ့သည်။ အင်းစိန်မြို့ရှိ အင်းစိန်ထောင်၊ မီးရထားဘူတာရုံ၊ ဈေးနှင့် လှိုင်မြစ်ကမ်းပါးရှိ ဆန်စက်အများအပြားကို သိမ်းပိုက်နိုင်ခဲ့သည်။ ဤတိုက်ပွဲစဉ်အတွင်း ရန်သူများအား ရဲရင့်စွာခုခံတိုက်ခိုက်ခဲ့သော အမျိုးသမီးများအထဲတွင် **နော်ခါရီ** သည် ထင်ရှား ကျော်ကြားခဲ့သည်။

**၁၉၄၉ ခုနှစ် ဖော်ဖော်ဝါရီလ ၂ ရက်** - ကေအဲန်ဒီအိုက မင်္ဂလာဒုံလေယာဉ်ကွင်းကို ဝင်ရောက် သိမ်းပိုက်လိုက်သည်။ လေယာဉ်အားလုံးနှင့် စစ်တပ်နေရာ အားလုံးကို သိမ်းနိုင်ခဲ့သည်။ သို့ရာတွင် ဖျက်ဆီးခြင်း လုံးဝ မပြုခဲ့ချေ။

**၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်** - ကချင်သနက(၁)မှ ကချင်စစ်ဗိုလ် ဗိုလ်နော်ဆိုင်းနှင့် ၎င်း၏တပ်ဖွဲ့သည် ကရင်အားပူးပေါင်း ကူညီတိုက်ခိုက်လာသည်။

**၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်** - ဗိုလ်နော်ဆိုင်းက ပျော်ဘွယ်မြို့ကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ကာ ဖမ်းဆီးထိန်းသိမ်းခံရသည့် UMP ကရင်စစ်သား ၁၅၀၀ ကို ကယ်တင်လိုက်သည်။

**၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်** - ကရင်တပ်ဖွဲ့နှင့် ကချင်တပ်ဖွဲ့ ပူးပေါင်းပြီး မိတ္ထီလာမြို့ကို စီးနင်းတိုက်ခိုက်သည်။ ယင်းမြို့အား အလွယ်တကူ သိမ်းပိုက်နိုင်ပြီး ဖဆပလတပ်မှစစ်ဗိုလ်အချို့ကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။ ထိုနေ့မှာပင် ရန်သူ့လေယာဉ် နှစ်စင်း မိတ္ထီလာလေယာဉ်ကွင်းတွင် ဆင်းသက်ရပ်နားရာ ထိုလေယာဉ် နှစ်စင်းအား ဗိုလ်နော်ဆိုင်းက ဖမ်းဆီးလိုက်ပြီး ၎င်းလေယာဉ်နှစ်စင်းဖြင့် တစ်စင်းမှာ နော်ဆိုင်းနှင့်အတူ ၎င်း၏တပ်ဖွဲ့များ၊ ကျန်တစ်စင်းကို ကရင်တပ်ဖွဲ့များ လိုက်ပါပြီး မေမြို့သို့ ပျံသန်းကြသည်။ မေမြို့ကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ပြီး မေမြို့တွင် ဖမ်းဆီး ထိန်းသိမ်းခံရသည့် ကရင့်ခေါင်းဆောင်များကို ကယ်တင်လိုက်နိုင်ခဲ့သည်။

ကေအဲန်ယူ ဗဟိုမှ တောင်ငူအခြေစိုက် ကရင့်တပ်ရင်း(၁)နှင့် ပြည်မြို့တွင် အခြေစိုက်သည့် ကရင့်တပ်ရင်း(၂)တို့အား အင်းစိန်တွင် ခုခံတိုက်ခိုက်နေရသည့် ကေအဲန်ဒီအိုများအား လာရောက်ကူညီရန် မှာကြားလိုက်သည်။ ကရင့်တပ်ရင်း(၁)မှာ တောင်ငူမှ ချီတက်လာရာတွင် ဘုရားကြီးအရောက်တွင် ရန်သူ၏ခုခံမှုကြောင့် ဆက်လက်ချီတက်နိုင်စွမ်းမရှိဘဲ ပြန်လည်ဆုတ်ခွာကြရသည်။ ပြည်မြို့မှ ဆင်းလာသည့် ကရင့်တပ်ရင်း(၂)မှာမူ ကြို့ပင်ကောက်အရောက်တွင် ရန်သူတပ်များ၏ ဖြတ်တိုက်ခြင်းကိုခံကြရသဖြင့် ယင်းနေရာ၌ပင် တစ်တပ်လုံး ဖရိုဖရဲ ကစဉ့်ကလျား ဖြစ်သွားကြသည်။

**၁၉၄၉ ခုနှစ် ဧပြီ ၄ ရက်** - ဖဆပလမှ ငြိမ်းချမ်းရေးဆွေးနွေးရန် ကေအဲန်ယူအား ဖိတ်ကြားသည်။ ယင်းကဲ့သို့ ဖိတ်ကြားရာတွင် အလေးအနက်ထားရှိသည့်သဘောအဖြစ် ဝန်ကြီးချုပ်ဦးနက အင်္ဂလိပ်သံအမတ် Mr. Boker၊ အိန္ဒိယသံအမတ် Dr. Rauf၊ ပါကစ္စတန်သံအမတ် Mr. M.D Ali၊ ဘုန်းတော်ကြီး Bishop West တို့အား

မေတ္တာရပ်ခံကာ စောဘဦးကြီးထံ စာရေးအကြောင်းကြားစေသည်။ ဤဖိတ်ကြား ချက်ကို ကေအဲန်ယူမှ လက်ခံပြီး စောဘဦးကြီးနှင့်အတူ မန်းရိုန်းစ်ထွန်းအောင်နှင့် စောဘဲလေတို့ လိုက်ပါသွားပြီး ဦးနုနှင့် သွားရောက်တွေ့ဆုံသည်။ ဤတွေ့ဆုံပွဲတွင် ဦးနုက လက်ဦးမှုယူပြီး ယခုကဲ့သို့ ပြောဆိုခဲ့သည်။ ကရင်ပြည်အရေးနှင့်ပတ်သက်ပြီး ဆာဘဦး ကော်မရှင်မှ စီစဉ်ထားပြီး ဖြစ်ကြောင်း၊ အရေးကြီးဆုံးအချက်က အပစ်ခတ် ရပ်စဲရန်လိုအပ်သဖြင့် စောဘဦးကြီးအနေဖြင့် လက်နက်ကြီးအချို့ကို ချကြရန် လိုအပ် လျက်ရှိကြောင်း ပြောဆိုသည်။ ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် စောဘဦးကြီးက ဖဆပလ အစိုးရ စီစဉ်မှုကို လက်ခံလိုက်သည်။ သို့ရာတွင် စောဘဦးကြီး၏ သဘော တူညီချက်ကို ကေအဲန်ယူဗဟိုမှ မန်းဘဇန်နှင့်တကွ ကေအဲန်ဒီအို ခေါင်းဆောင်များက လက်မခံသဖြင့် မန်းဘဇန်က ကေအဲန်ယူအနေဖြင့် လက်ခံနိုင်ခြင်း မရှိကြောင်း ဖဆ ပလ အစိုးရကို သွားရောက်ပြီး ပြန်လည်အကြောင်းကြားလေသည်။ သို့ဖြင့် သဘော တူညီချက်မှာ ပျက်ပြားသွားပြီး ပစ်ခတ်မှုများ ပြန်လည်စတင်သည်။ အပစ်ခတ်ရပ်စဲစဉ် ကာလတွင် ဖဆပလ အစိုးရသည် အခွင့်ကောင်းယူပြီး အိန္ဒိယ အစိုးရထံမှ လက်နက် ကြီးငယ်များရယူကာ လိုင်မြစ်ကမ်းတစ်လျှောက် နေရာယူထားသည်။ လျှို့ဝှက်တိုက်ပွဲ ပြန်လည် စတင်ရန် စီစဉ်ထားလိုက်သည်။ တိုက်ပွဲ ပြန်လည် စတင်သည်နှင့် တပြိုင်နက် အမြောက်ကြီးများဖြင့် အင်းစိန်မြို့ရှိ ကရင်ဌာနချုပ်များကို ဒရစပ် ပစ်ခတ်လေတော့ သည်။

**၁၉၄၉ ခုနှစ် မေလ ၁၂ ရက်** - ကရင့်တပ်များသည် အထက်ဗမာပြည်ရှိ မြို့အများအပြားကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သော်လည်း ကရင်များနေထိုင်သည့် မြို့ များ မဟုတ်ကြသဖြင့် ၄င်းတို့ကို ပြန်၍ပေးအပ်လိုက်သည်။ ကေအဲန်ယူဗဟိုမှ ကရင့် လက်နက်ကိုင်တပ်(Karen Riffles)တို့၏ စစ်ကူကို မျှော်လင့်သော်လည်း ၄င်းတို့က ထိုးဖောက်ရောက်လာခြင်း မရှိသဖြင့် အခက်အခဲများနှင့် ကြုံတွေ့ရသည်။ လက်နက် ခဲယမ်းမီးကျောက်နှင့် စစ်ပစ္စည်းများ လျော့နည်းလာသဖြင့် နောက်ဆုံး **မေလ (၂၁)ရက်** နေ့တွင် ကေအဲန်ယူသည် အင်းစိန်မြို့မှ ဆုတ်ခွာလာခဲ့ကြသည်။ အင်းစိန် တိုက်ပွဲမှာ ၁၁၁ ရက် ရှည်ကြာခဲ့သည်။

ကေအဲန်ယူဗဟိုအနေဖြင့် တောင်ငူမြို့သို့ ဆုတ်ခွာပြီး အခြေစိုက်သည်။ **ဇွန်လ ၁၄ ရက်** နေ့တွင် **တောင်ငူမြို့**၌ အစည်းအဝေးပြုလုပ်ပြီး ကော်သူးလေအစိုးရကို ဖွဲ့စည်းလိုက်သည်။ ကော်သူးလေအစိုးရ၌ ဝန်ကြီးချုပ်အဖြစ် စောဘဦးကြီး၊ နိုင်ငံခြား ရေးဝန်ကြီးအဖြစ် ဦးလှဖေနှင့် အခြားဝန်ကြီးများကို ပါဝင်ဖွဲ့စည်းခြင်းဖြစ်သည်။ နောက်

ပိုင်း ကော်သူးလေအစိုးရ ဖွဲ့စည်းခဲ့သည့် **ဇွန်လ ၁၂ ရက်** နေ့ကို **ကော်သူးလေနေ့** (Kaw Thoo Lei Day) အဖြစ် သတ်မှတ်လိုက်ကြသည်။

**စက်တင်ဘာလ ၂၀ ရက်** ဤနေ့တွင် ကော်သူးလေအုပ်ချုပ်ရေးစနစ်ကို ချမှတ်သည်။ စစ်ဖြစ်နေသည့်ကာလဖြစ်သောကြောင့် ဤအုပ်ချုပ်ရေးကို (CAS-K) ခေါ် ပြည်သူ့အကျိုးဆောင်အုပ်ချုပ်ရေး (Cevil Affair Service Kaw Thoo Lei) ဟု ခေါ်ဆိုသည်။ စစ်ဖြစ်နေသည့်အချိန်တွင် စစ်အုပ်ချုပ်ရေးသာ ချမှတ်သင့်သည်ဟု ယူဆခြင်း ဖြစ်သည်။

ဤကဲ့သို့ စစ်အုပ်ချုပ်ရေးကို ချမှတ်ခြင်းကြောင့် စစ်ဗိုလ်များသာ အာဏာပိုင် ပုဂ္ဂိုလ်များ ဖြစ်လာသည်။ ဤစစ်ဗိုလ်များသည် အာဏာအားလုံးကို ရယူထားပြီး ပြည်သူများ၏အမြင်၊ အယူအဆများကို လက်ခံနားထောင်ခြင်း မပြုကြပေ။ လူ့အခွင့်အရေး ချိုးဖောက်မှု အများအပြား ဖြစ်ပေါ်လာသည်။

**၁၉၄၉ ခုနှစ်** နှစ်ကုန်ခါနီးအချိန်တွင် ရန်သူသည် မြို့တော်တော်များများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ **ထုံးကြီး၊ စာဘူးတောင်း၊ ဘောလယ်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ၊ ဇလွန်၊ သာယာဝတီ** စသည့် မြို့များ ဖြစ်ကြသည်။

**၁၉၄၉ ခု ဒီဇင်ဘာလ ၁၂ ရက်** နေ့တွင် ပဒိုဝ်တောင်သူအမျိုးသားများ စတင် တော်လှန်ပုန်ကန်ကြသည်။

## (၄) ကေအဲန်ယူ (၄) ကြိမ်မြောက် ကွန်ဂရက်နှင့် ဥက္ကဋ္ဌ စောဘဦးကြီး ကျဆုံးသွားခြင်း (၁၉၅၀)

**၁၉၅၀ ခုနှစ် ဖေဖော်ဝါရီလ** အတွင်း ရန်သူသည် မြို့အများအပြားကို ပြန်လည်သိမ်းပိုက်သည်။ ဒိုက်ဦးနှင့် ပြွန်တန်ဆာ မြို့များကို **ဖေဖော်ဝါရီလ ၁၉ ရက်** နေ့တွင် သိမ်းပိုက်ခြင်းဖြစ်သည်။ ညောင်လေးပင်မြို့ကိုသိမ်းပိုက်စဉ် ရန်သူသည် ကရင်တို့၏ လက်နက်ကြီးအမြောက်အပါအဝင် အခြားသော လက်နက် တော်တော် များများကို သိမ်းပိုက်ရရှိလိုက်သည်။ **၁၉၅၀ ခုနှစ် မတ်လ ၁၇ ရက်**နေ့တွင် ရန်သူသည် ကော်သူးလေမြို့တော် တောင်ငူမြို့ကို သိမ်းပိုက်နိုင်လိုက်သည်။ ကရင်တို့သည် စစ်တောင်းမြစ် အနောက်ဘက်ခြမ်းနယ်မြေအားလုံးကို စွန့်လွှတ်လိုက်ပြီး **မော်ချီးမြို့**တွင် ပြောင်းရွှေ့ အခြေစိုက်သည်။

**၁၉၅၀ ခုနှစ် ဇူလိုင် (၁၇-၁၉) ရက် ဖာပွန်မြို့**တွင် ကေအဲန်ယူ ကွန်ဂရက်ကို ခေါ်ယူကျင်းပခဲ့သည်။ ဤကွန်ဂရက်တွင် ဥက္ကဋ္ဌ စောဘဦးကြီးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး စကောလယ်တောက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ဤကွန်ဂရက်တွင် စောဘဦးကြီးက နောက်ဆုံးအဖြစ် အမှာစကား ပြောကြားခဲ့ခြင်း ဖြစ်သည်။ ၎င်း၏ အမှာစကားမှာ အောက်ပါအချက်များ ပါဝင်ခဲ့သည်။

- ဤကရင့်တော်လှန်ရေးသည် ပထမဦးဆုံးအကြိမ် တော်လှန်ရေးဖြစ်ပြီး နောက်ဆုံးအကြိမ် တော်လှန်ရေးလည်း ဖြစ်သည်။
- ကရင့်တော်လှန်ရေးသမားများက ရန်ကုန်မြို့သို့ဆင်းပြီး ရန်သူထံတွင် လည်စင်းခံခြင်း မဟုတ်ပါက ကရင့်တော်လှန်ရေးသည် မည်သို့မျှ မရှုံးနိုင်၊
- ကရင်ပြည်ရရှိရေးအတွက် နည်းလမ်း သုံးသွယ် ရှိသည်။

  (၁) ရန်သူက ကြည်ဖြူစွာဖြင့်ပေးနိုင်သည့်နည်းလမ်း၊
  (၂) ရန်သူအား အနိုင်တိုက်ပြီးရယူသည့်နည်းလမ်း၊
  (၃) အခြေအနေအရပ်ရပ်တို့၏ ဖိအားပေးမှု

  တို့ကြောင့် ကျွန်ုပ်တို့တိုင်းပြည်ကို ရရှိနိုင်သည်။
- တော်လှန်ရေးသည် ကျွန်ုပ်တို့၏ အဓိကခွန်အားမှာ ပြည်သူလူထုသာ ဖြစ်သည့်အလျောက် ပြည်သူလူထုမှ မိမိတို့အား ချစ်ကြောက်ရိုသေရမည်။
- မိမိတို့၏ အားနည်းချို့ယွင်းချက်များကို ပြန်လည်ကြည့်မြင်သုံးသပ်ပြီး မိမိတို့ကိုယ်ကိုယ် ပြုပြင်ကြရမည်။

စောဘဦးကြီး ချမှတ်ခဲ့သည့် အဓိကမူကြီး (၄)ချက် –

(၁) ကရင့်လက်နက် ကရင့်လက်ထဲရှိရမည်။

(၂) လက်နက်ချစကား အလျင်း မပြောရ။

(၃) ကရင့်ကံကြမ္မာ ကရင် ဖန်တီးရမည်။

(၄) ကရင်ပြည်အသိအမှတ်ပြုခြင်း ပြီးပြည့်စုံရမည်။

**၁၉၅၀ ခုနှစ် ဩဂုတ်လ ၁၂ရက်** - ဥက္ကဋ္ဌစောဘဦးကြီးသည် ဖားအံခရိုင် ပိုင်ကြို့ မြို့နယ် **ပိတခတ်**ကျေးရွာမှ စတင်ထွက်ခွာပြီး **ထိုကော့ကိုး**ရွာသို့ ချီတက်ကာ မြစ်ကမ်းပါးရှိ လယ်တဲတစ်တဲတွင် စခန်းချအိပ်စက်သည်။ ယခုကဲ့သို့လယ်တဲတွင် အိပ်စက်နေစဉ် အချိန်တွင် စောမော်အဲ အမည်ရှိ **ထီးစွမ်း**ရွာသားတစ်ဦးက ရန်သူတပ်ထံ သွားရောက်သတင်းပို့ တိုင်ကြားသဖြင့် **နဘူး**ရွာတွင် စခန်းချလျက်ရှိသည့် ရန်သူတပ် သည် ဥက္ကဋ္ဌစောဘဦးကြီး စခန်းချအိပ်စက်လျက်ရှိသော လယ်တဲကို ညတွင်းချင်း လာရောက်ဝိုင်းထားပြီး ပစ်ခတ်တိုက်ခိုက်ကြရာ စောဘဦးကြီးနှင့်အတူ ဗိုလ်ချုပ် စန်း ကေ နှင့် ရဲဘော်အချို့ အာဇာနည်များအဖြစ် အသက်စွန့်သွားကြရလေသည်။ ဤ တိုက်ခိုက်သတ်ဖြတ်မှု ကျူးလွန်သူမှာ ဖဆပလတပ်မှူး စိန်လွင်ပင် ဖြစ်သည်။

**၁၉၅၀ ခုနှစ် စက်တင်ဘာ ၂၄ ရက်** ဗိုလ်ချုပ်မင်းမောင်မှ **မော်ချီး-လယ်ယား လို့** ရွာတွင် အစည်းအဝေးခေါ်ဆိုပြီး အစည်းအဝေး တက်ရောက်သူအားလုံး၏ သဘော တူညီချက်ဖြင့် ဦးလှဖေအား ဥက္ကဋ္ဌနေရာကို ဆက်ခံရန်နှင့် ၄င်းမှ ငြင်းဆိုပါက ဂျေဖူးညို အား ဥက္ကဋ္ဌနေရာသို့ တင်မြှောက်ရန်ဖြစ်သည်။ ဦးလှဖေမှ လက်ခံရန် ငြင်းဆန်သဖြင့် ဂျေဖူးညို ဥက္ကဋ္ဌဖြစ်လာလေသည်။ ဂျေဖူးညိုသည် တော်လှန်စစ် ဆင်နွှဲသည့် ကာလ တွင် ကေအဲန်ယူအား ပြန်လည်စည်းရုံးခြင်း မပြုသင့်ဘဲ စစ်အုပ်ချုပ်ရေးနှင့်သာ တော် လှန်ရေးကို ဦးဆောင်လိုသည်။

## (၅) ကရင့်တော်လှန်ရေးလှုပ်ရှားမှု (၁၉၅၁)

**၁၉၅၁ ခုနှစ် ဇန်နဝါရီလ (၈)ရက်** - ဗိုလ်ချုပ်မင်းမောင်က **စွားလို**ရွာတွင် အစည်းအဝေး ထပ်မံခေါ်ဆိုသည်။ ဤအစည်းအဝေးတွင် ဥက္ကဋ္ဌရွေးချယ်ရေးကိစ္စကိုသာ အဓိကထားသည်။ လစ်လပ်လျက်ရှိသည့် ဥက္ကဋ္ဌနေရာတွင် ပုဂ္ဂလိက တစ်ဦးကိုသာ ရွေးချယ်တင်မြှောက်ရန် သို့တည်းမဟုတ် ဥက္ကဋ္ဌ၏နေရာတွင် လူဦးရေ အနည်းငယ်ပါဝင် သည့် အဖွဲ့တစ်ဖွဲ့ကို ရွေးချယ်ပြီး ဥက္ကဋ္ဌ၏တာဝန်ကို ထမ်းဆောင်သွားရန် ဆိုသည့် အချက်နှစ်ချက်အပေါ် ဆွေးနွေးကြသည်။ ဤအချက်နှစ်ချက်အပေါ် ဆွေးနွေးကြပြီး မဲခွဲ ဆုံးဖြတ်ရာတွင် ဒုတိယအချက်မှာ အနိုင်ရရှိလေသည်။ ဤရွေးချယ်တင်မြှောက် ခြင်း ခံရသည့် လူဦးရေအနည်းငယ်ကို စုစည်းပြီး ကော်သူးလေအုပ်ချုပ်ရေးအဖွဲ့ (Kaw Thoo Lei Grvernning Body – KGB) ဟု ခေါ်ဆိုကာ ဗိုလ်ချုပ်မင်းမောင်အား ဒု-သဘာပတိအဖြစ် ရွေးချယ် တင်မြှောက်လိုက်ကြသည်။

**၁၉၅၀ ခုနှစ် ဧပြီလ ၄ရက်** - KGB အစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ်၊ ပထမ အကြိမ်ကို ဧပြီလ၊ ဒုတိယအကြိမ်ကို နိုဝင်ဘာလအတွင်း ခေါ်ဆိုကျင်းပသည်။ KGB ကာလတွင် ၎င်းတို့ကျင့်သုံးသည့် ဝါဒမှာ ဒီမိုကရေစီကို အခြေခံသည့် တစ်မျိုးသားလုံး၏ ဝါဒ၊ တစ်ခွန်းတည်းပြောရလျှင် ကရင့်ဝါဒ ( Karenism The Policy of Kaw Thoo Lei is nationalism based on Democracy in one word) ဖြစ်သည်။

ဤဝါဒသည် အောက်ပါအတိုင်း ကောင်းခြင်းငါးဖြာ အပေါ် မှီတည်ပေသည်။

(၁) အမှန်တရား (Truth)

(၂) သန့်ရှင်းစင်ကြယ်ခြင်း (Purity)

(၃) ညီနောင်သဖွယ်ရှိသည့် ချစ်ခြင်းမေတ္တာ (Brotherhood)

(၄) စုပေါင်းနေထိုင်၊ စုပေါင်းဆောင်ရွက် (Co-operative Living)

(၅) သစ္စာရှိခြင်း (Loyality)

အထက်ပါ ကောင်းခြင်း ၅ ဖြာ အပေါ် မှီတည်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ အမျိုးသားရေးနှင့် နိုင်ငံခြားရေး ကိစ္စအဝဝတို့၏ လုပ်ငန်းလမ်းစဉ်များကို ရေးဆွဲချမှတ်ခြင်း ဖြစ်သည်။

## (၆) ကရင့်တော်လှန်ရေးလှုပ်ရှားမှု (၁၉၅၂)

**၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁၅ရက်** - မန်းဘဇန်က ကေအဲန်ယူအား ပြန်လည်စည်းရုံး ဖွဲ့စည်းရန်အတွက် ကျောင်းကုန်းမြို့နယ် **ရွာသာကုန်း**ကျေးရွာတွင် ခေါ်ယူစည်းဝေးသည်။ ဤအစည်းအဝေးတွင် ခရိုင်အသီးသီးမှ ကိုယ်စားလှယ် စုစုပေါင်း ၂၀၀ ကျော် တက်ရောက်လာကြသည်။ အစည်းအဝေးမှ ကေအဲန်ယူအား မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမတိုင်းများတွင် ပြန်လည်စည်းရုံးဖွဲ့စည်းပြီး လက်နက်ဒေသတပ်များအား တပ်မဟာများအဖြစ် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ရန် ဆုံးဖြတ်ကြသည်။ လက်ရှိ စစ်အုပ်ချုပ်ရေးစနစ်ဖြင့် တော်လှန်ရေးကို ဦးဆောင်သော်လည်း အစည်းအဝေးမှ ဦးဆောင်မှုပေးရေးတွင် ပါတီတစ်ရပ်ရှိရမည်ဟု ထင်မြင် ယူဆကြောင်း တင်ပြထားသည်။

**ဖေဖော်ဝါရီလ**တွင် ရန်သူများက မြစ်ဝကျွန်းပေါ်ရှိ တပ်မဟာ(၁)နယ်မြေကို

ရေကြောင်း၊ ကုန်းကြောင်းတို့ဖြင့် ထိုးစစ်ဆင် တိုက်ခိုက်ပြီး ဆက်လက်၍ ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ တပ်မဟာ(၄)နှင့် တပ်မဟာ(၂)နယ်မြေများကို ထိုးစစ်ဆင် တိုက်ခိုက်သည်။ KGB မှ ကရင့်လက်နက်ကိုင်တပ်ဖွဲ့အား တပ်မကြီး နှစ်ခုအဖြစ် အရှေ့တိုင်းတပ်မနှင့် အနောက်တိုင်းတပ်မ စသည်တို့ဖြင့် ဖွဲ့စည်းတည်ထောင်ရန် ဆုံးဖြတ်သည်။

**၁၉၅၂ ခုနှစ်** ကုန်ချိန်တွင် ရန်သူက ဧရာဝတီမြစ်အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်း နယ်မြေအားလုံးကို ပြန်လည် သိမ်းပိုက်လိုက်နိုင်သဖြင့် တပ်မမှူး ဗိုလ်ပုနှင့် နောက်လိုက်အတော်များများ ရန်သူ့ထံ လက်နက်ချကြသည်။ အခြေခံဒေသ မရှိတော့သဖြင့် တော်လှန်ရေးခေါင်းဆောင်တို့သည် ပုန်းလျှိုးကွယ်လျှိုး ပြေးလွှား နေထိုင်ကြရလေတော့သည်။ ဤကဲ့သို့ဖြစ်ရခြင်းသည် တော်လှန်ရေးလမ်းစဉ်အဖြစ် စစ်အုပ်ချုပ်ရေး ချမှတ်မှု အမှားဖြစ်ကြောင်း ပြန်လည်သုံးသပ်ကြသည်။

## (၇) အရှေ့တိုင်း ကွန်ဖရင့်နှင့် ၅ ကြိမ်မြောက် ကော်သူးလေ ကွန်ဂရက်၊ ဖာပွန်မြို့ (၁၉၅၃)

**၁၉၅၃ ခုနှစ် ဇွန်လ ၉ရက်** - မြစ်ဝကျွန်းပေါ်တွင် စောဟန်တာသာမွေးနှင့် မန်းဘဇန် တို့ဦးစီးပြီး အစည်းအဝေးတစ်ခုကို ခေါ်ယူကျင်းပခဲ့သည်။ ဤအစည်းဝေးတွင် ကရင့် တော်လှန်ရေး၏ ဒုတိယလမ်းစဉ်ကို ရေးဆွဲချမှတ်သည်။ ဤလမ်းစဉ်အောက်တွင် တော်လှန်ရေး၏ ရည်မှန်းချက်၊ အဓိကရန်သူ၊ တော်လှန်ရေး၏ အဓိကပစ်ကွင်း၊ မိမိ အင်အား အနေအထား၊ ရန်သူအင်အား အနေအထား စသည့်အချက်များကို သုံးသပ် ချမှတ်ကာ တော်လှန်ရေးအတွက် လုပ်ငန်းစဉ်များကို ရေးဆွဲသည်။ တော်လှန်ရေး၏ လက်နက်ကိုင်တပ်မတော်ကိုလည်း သုံးမျိုးသုံးစား ခွဲခြားသတ်မှတ်ထားသည်။

(၁) KPLA – Karen People Liberation Army

(၂) KPGF – Karen People Guerrilla Force

(၃) KNDO – Karen National Defense Organization

စသည်တို့ဖြစ်သည်။

ဤအချိန်တွင် မြစ်ဝကျွန်းပေါ်ဖြစ်စေ၊ အရှေ့တိုင်းကော်သူးလေဖြစ်စေ

အခက်ခဲကြီးမားစွာ ရင်ဆိုင်ကြရသဖြင့် ခေါင်းဆောင်အများအပြား အညံ့ခံပြီး ရန်သူ့ထံ ပြန်လည်လက်နက်ချကြသည်။ ၎င်းတို့ထဲတွင် တောင်ငူမှ စောလုံနှင့် အဲလ်ဖောင်းစိုး (ခ)အေးစိုးမြင့်၊ မော်လမြိုင်မှ ထွန်းငြိမ်းနှင့် ၎င်း၏တပ်ရင်းတစ်ရင်းလုံး စသည်တို့ ပါဝင်ကြသည်။

တရုတ်ဖြူတပ်များ ဗမာပြည်တွင်းသို့ ဝင်ရောက်လာကြသောကြောင့်လည်း အခက်ခဲဖြစ်စေသည်။

## အရှေ့တိုင်းကွန်ဖရင့်၊ ၁၉၅၃ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်

ဤကွန်ဖရင့်တွင် ကေအဲန်ယူ အရှေ့တိုင်း အလုပ်အမှုဆောင် ကော်မတီကို ရွေးချယ်တင်မြှောက်သည်။ ကော်မတီဥက္ကဋ္ဌအဖြစ် ရှေ့နေ စောဖိုးချစ်၊ အတွင်းရေးမှူးအဖြစ် ဆရာအုန်းဖေညွှန့်နှင့် အခြားကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ကြသည်။

## (၅) ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်

ဤကွန်ဂရက်ကို **၁၉၅၃ ခုနှစ် နိုဝင်ဘာလ ၂၃ရက်**နေ့တွင် ပြည်လုံးဆိုင်ရာ ကွန်ဂရက်အဖြစ် ပြုလုပ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ကွန်ဂရက်သဘာပတိအဖြစ် စကောဆူးခို (ခေါ်) စောသာဒင်မှ ဆောင်ရွက်ပြီး တစ်ပြည်လုံးမှ ကိုယ်စားလှယ်ပေါင်း (၁၅၀) ဦး တက်ရောက်ပါသည်။

ဤကွန်ဂရက်မှ အောက်ပါအကြောင်းအရာများကို ဆွေးနွေးဆုံးဖြတ်ကြသည်။

- ကေအဲန်ယူအား ပြန်လည်စည်းရုံးဖွဲ့စည်းရန်
- အုပ်ချုပ်ရေးစနစ်သစ်ကို ရေးဆွဲချမှတ်ရန်
- စစ်တပ်နှင့် သတ္တုတွင်း လုပ်ငန်းများကို ပိုမိုကောင်းမွန်လာအောင် ပြုပြင်သွားရန် စသည်တို့ ဖြစ်သည်။

အောက်ပါ အရေးကြီးဆုံးဖြတ်ချက် ၃ရပ်ကိုလည်း အတည်ပြုသည်။

(၁) ကေအဲန်ယူအား တော်လှန်ရေးအတွက် တရားဝင် တပ်ဦးပါတီအဖြစ် သတ်မှတ်သွားရေး

(၂) ကရင့်တော်လှန်ရေး၏ ဒုတိယလမ်းစဉ်အား လက်ခံသွားရေး

(၃) ဖေဖော်ဝါရီလ (၁၁)ရက်နေ့အား ကရင်အမျိုးသားနေ့အဖြစ် သဘောတူ လက်ခံရေး

ကော်သူးလေအစိုးရအဖွဲ့အား ဖွဲ့စည်းလိုက်သည်။ ဤကော်သူးလေ အစိုးရတွင် စောဟန်တာသာမွေး - ဥက္ကဋ္ဌ၊ စကောလယ်တော - ဒုဥက္ကဋ္ဌနှင့် အခြားဌာနဆိုင်ရာ တာဝန်များကို ရွေးချယ်တင်မြှောက်ကြသည်။

**နိုဝင်ဘာ (၂၅)ရက်** နေ့တွင် ကွန်ဂရက် အောင်မြင်စွာပြီးဆုံးသွားသည်။ ဒီဇင်ဘာ (၈)ရက်နေ့တွင် ရန်သူက ဖာပွန်မြို့ကို တိုက်လေယာဉ် (၃)စင်းဖြင့် လာရောက် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

## (၈) ကရင်ခေါင်းဆောင်များက ဗဟိုဌာနချုပ်စခန်းနေရာကို စီစဉ်ထားရှိပြီး နိုင်ငံရေးသင်တန်းပေးခြင်း (၁၉၅၄)

စကောလယ်တောက ဗဟိုစခန်းနေရာကို ရွှေကျင်မြို့နယ်တွင် စီစဉ်ထားပြီး၊ ဗိုလ်ချုပ်မင်းမောင်ကမူ ဖာပွန်မြို့နယ်အတွင်းရှိ နေရာတစ်နေရာကို စီစဉ်ထားသည်။

**ဧပြီလ** - နိုင်ငံရေးသင်တန်းကို ရွှေကျင်မြို့နယ်၊ **ဆီဆုံကုန်း**၌ပြုလုပ်သည်။ သင်တန်းသား(၁၀၀)ယောက် တက်ရောက်သည်။

**ဇွန်လ - ဇူလိုင်လ-** နိုင်ငံရေးသင်တန်းကို **လယ်ထကြီး**တွင် ပြုလုပ်သည်။ တောင်ငူနှင့် ညောင်လေးပင်မှ သင်တန်းသား (၁၀၀)ယောက် တက်ရောက်သည်။

**စက်တင်ဘာလ** - ဖာပွန် **ကောကျိုလယ်**ရွာတွင် နိုင်ငံရေးသင်တန်း ပြုလုပ်သည်။ သင်တန်းသား(၆၀)ကျော် တက်ရောက်သည်။

**အောက်တိုဘာလ** - သထုံခရိုင် **လေးကေ**တွင် နိုင်ငံရေးသင်တန်းပေးသည်။ သင်တန်းသား (၃၀၀) တက်ရောက်သည်။

ဗဟိုမှ စေးဒေး သတ္တုတွင်းနှင့် မောဒေး သတ္တုတွင်းများအား သတ္တုတူးဖော်ထုတ်လုပ်ရန် စီစဉ်သည်။ ထိုအချိန်တွင် သတ္တုတစ်တန်ဈေးမှာ ကျပ် ၈၀၀၀ အထိ ရရှိသည်။

**ဒီဖင်ဘာ** - မူးဆိုးကော်ကစာမှာ ရွှေကျင်မြို့နယ်သို့ရောက်ရှိလာပြီး ၎င်း၏ တာဝန်ကို လက်ခံကာ စတင်ဆောင်ရွက်သည်။

## (၉) မူးဆိုးကော်ကစာမှ KRC ကို ဖွဲ့စည်းရန် အဆိုပြုသည် (၁၉၅၅)

**ဇန်နဝါရီလ** - မူးဆိုးက **မောကို**၌ ခေါင်းဆောင်များအားခေါ်ယူပြီး တွေ့ဆုံဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ဤဆွေးနွေးပွဲတွင် ၎င်းက ကရင့်တော်လှန်ရေး ကောင်စီ ဖွဲ့စည်းလိုကြောင်း အဆိုပြုတင်ပြသည်။ (အီဂျစ်နိုင်ငံမှ ပြုလုပ်သကဲ့သို့)။ အများစုက လက်ခံသဘောတူသည်။

KRC ကို အောက်ပါခေါင်းဆောင်တို့နှင့် ဖွဲ့စည်းလိုက်သည်။ သဘာပတိ ဟန်တာ၊ ဒုတိယသဘာပတိ (၁)မန်းဘဇန်၊ ဒုတိယသဘာပတိ(၂) ဗိုလ်ချုပ်မင်းမောင်၊ အတွင်းရေးမှူး စကောလယ်တော၊ တွဲဖက်အတွင်းရေးမှူး ပဒိုမန်းသိန်းမောင်တို့ ဖြစ်ကြသည်။

**ဖွန်လ (၁၀)ရက်** ပထမအကြိမ် KRC ကွန်ဂရက်ကို ညောင်လေးပင်ခရိုင် **မောကို**ရွာတွင် ပြုလုပ်ကျင်းပသည်။ ဗဟိုဌာနချုပ်စခန်းကို နေရာ(၃)နေရာ သတ်မှတ်ထားသည်။ **ဆောဘွဲဒဲ၊ ယဲပါ** နှင့် **မောကို**တို့ဖြစ်သည်။

**ဇူလိုင်လ** - မောကိုတွင် နိုင်ငံရေးသင်တန်း ဖွင့်လှစ်ပို့ချသည့် ဘာသာရပ်များမှာ ကရင့်တော်လှန်ရေးလမ်းစဉ်၊ စည်းရုံးရေးလုပ်ငန်း၊ ခေါင်းဆောင်မှု၊ နိုင်ငံတကာရေးရာများ ဖြစ်ကြသည်။ သင်တန်းသား (၁၀၀)ကျော် တက်ရောက်ခဲ့သည်။

## (၁၀) ၆ ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်၊ မောကို၊ ညောင်လေးပင်ခရိုင် ၁၉၅၆

ကေအဲန်ယူက မွန်၊ ကရင်နီ၊ ပအိုဝ်၊ ဗကပကိုမူ အလံနီနှင့်ပြည်သူ့ရဲဘော်နှင့် ရခိုင်အဖွဲ့အစည်းများကို ဖိတ်ကြားပြီး ဆွေးနွေးပွဲပြုလုပ်ရန် ဆုံးဖြတ်သည်။

**မတ်လ**ကုန်တွင် ကေအဲန်ယူ၊ မွန်၊ ကရင်နီ၊ ပအိုဝ် အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးကြသည်။ ဤဆွေးနွေးပွဲကို ဥက္ကဋ္ဌ မန်းဘဇန်မှ ဦးစီးသည်။ ဤ လူမျိုးစုအဖွဲ့ (၄)ဖွဲ့ သည် ဥက္ကဋ္ဌ စောဘဦးကြီးရှိစဉ်က စုစည်းခဲ့သည့်အဖွဲ့များ ဖြစ်သည့်

အားလျော့စွာ ယခုကဲ့သို့ ပြန်လည်တွေ့ဆုံကြရသည့်အတွက် ၄င်းတို့ များစွာ ကျေနပ်ဝမ်းမြောက်ကြသည်။

**ဧပြီ (၄)ရက်** - ဤလူမျိုးစုအဖွဲ့(၄)ဖွဲ့သည် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအတွက် ဒီမိုကရက်တစ် လူမျိုးစုညီညွတ်ရေး တပ်ဦး(ဒလညက)၊ The Democratic Nationalities United Front (DNUF) ကို ဖွဲ့စည်းလိုက်ကြသည်။

ဤတပ်ပေါင်းစုအဖွဲ့ကို ကေအဲန်ယူမှ မန်းဘဇန်၊ မွန်အဖွဲ့မှ နိုင်ထွန်းသိန်း၊ ကရင်နီအဖွဲ့မှ နော်သိန်းမြနှင့် ပအို့ဝ်အဖွဲ့မှ ဗိုလ်ခင်တို့ ဦးဆောင်လျက်ရှိသည်။

## ၆ ကြိမ်မြောက် ကော်သူးလေပြည်လုံးဆိုင်ရာ ကွန်ဂရက် (၁၉၅၆ ခုနှစ် ဇွန်လ ၂၆ ရက်)

ဤကွန်ဂရက်ကို **မောကို**တွင်ကျင်းပပြီး ကိုယ်စားလှယ် (၁၅၀) တက်ရောက်ခဲ့ကြသည်။ ဤကွန်ဂရက်တွင် တင်ပြလာသည့် စကောလယ်တော၏ အစီရင်ခံစာနှင့် မန်းဘဇန်၏ နိုင်ငံရေးအစီရင်ခံစာကို ဆွေးနွေးကြသည်။ KRC ၏ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းကို အတည်ပြုသည်။ ကရင့်တော်လှန်ရေး၏ ဒုတိယလမ်းစဉ်ကို အဆိုပြုတင်သွင်းသည်။ ဤလမ်းစဉ်အောက်တွင် နည်းပရိယာယ်လမ်းစဉ်အဖြစ် တိုက်ပွဲနည်းပရိယာယ်၊ တပ်တည်ဆောက်ရေး၊ မြေယာလမ်းစဉ်၊ ဖဆပလအစိုးရနှင့် တွေ့ဆုံဆွေးနွေးရေး စသည့် ကိစ္စများကို ဆွေးနွေးဆုံးဖြတ်ကြသည်။

**ဇူလိုင် (၅) ရက်** - တော်လှန်ရေး လမ်းစဉ်ကို အတည်ပြု ဆုံးဖြတ်သည်။ တပ်မတော် စည်းရုံးဖွဲ့စည်းမှုနှင့် တပ်မတော်နေ့ကိုလည်း သတ်မှတ်ဆုံးဖြတ်သည်။ ဤဇူလိုင် (၅)ရက်အား ကော်သူးလေတပ်မတော်နေ့အဖြစ် သတ်မှတ်လိုက်သည်။

## တော်လှန်ရေးဒုတိယလမ်းစဉ်

ကရင်ပြည်ရရှိရေး၊ လူမျိုးစုအသီးသီး တိုင်းပြည်ရရှိရေး၊ ပြည်ထောင်စုသစ်ဖွဲ့စည်းရေး - ဆိုရှယ်လစ်လောက၊ အဓိက ရန်သူ - နယ်ချဲ့စနစ် မြေရှင်ပဒေသရာဇ်စနစ်၊ စစ်ပွဲ၏အဓိကပစ်ကွင်း - ဖဆပလအစိုးရ၊ အလုပ်သမား လယ်သမားလူတန်းစားသည် တော်လှန်ရေး၏ အင်အား၊ စည်းရုံးဖွဲ့စည်းရေး၊ လက်နက်ကိုင်တိုက်ပွဲ၊ လက်နက်ကိုင် စည်းရုံးရေးစသည့် ပြဿနာများ ပါဝင်သည်။

## နိုင်ငံရေးလုပ်ငန်းများ

KNUP သည် ကရင့်တော်လှန်ရေးကို ခေါင်းဆောင်မှုပေးသည့် တပ်ဦးပါတီအဖြစ် သတ်မှတ်အတည်ပြုသည်။ ဒီမိုကရက်တစ်လူမျိုးစုညီညွတ်ရေးတပ်ပေါင်းစုကို ဖွဲ့စည်းနိုင်ခဲ့သည်။ လူတန်းစား(၄)ရပ်အကျိုးကို ဆောင်ရွက်သည့်လုပ်ငန်း၊ KNLAF ကို ဖွဲ့စည်းပြီး လက်နက်ကိုင်တပ်အမျိုးအစား (၃)ခု (KNDO, KPGF, KPLA)ကို စည်းရုံးဖွဲ့စည်းသည်။

**စက်တင်ဘာလ** – ကျောက်ကြီးမြို့နယ်၊ **မြေနီကုန်း**ရွာတွင် နိုင်ငံရေးသင်တန်း ဖွင့်လှစ်ပြီး သင်တန်းသား (၁၀၀)ကျော် တက်ရောက်သည်။ ဒုတိယအကြိမ်ဗဟို နိုင်ငံရေး သင်တန်းကို **မယ်စေ**တွင် ပြုလုပ်သည်။ သင်တန်းသား (၂၀၀)ကျော် တက် ရောက်ကြသည်။ များသောအားဖြင့် သထုံနှင့် ဖာပွန်ခရိုင်မှလာသော သင်တန်းသားများ ဖြစ်ကြသည်။

**အောက်တိုဘာ ၆ ရက်** - ရန်သူ့ **မင်းရန်အောင်**စစ်ဆင်ရေး စတင်သည်။ ရန်သူ့တပ်များ KRC ဌာနချုပ် **မောကို**ကို စစ်ဆင်တိုက်ခိုက်သိမ်းပိုက်သည်။ ပစ္စည်းအများအပြား ရန်သူများ ရရှိသွားသည်။ အသံလွှင့်ရုံပစ္စည်း ကိရိယာများနှင့်တကွ ရုပ်ရှင်ပြစက်များ အပါအဝင်ဖြစ်သည်။

**နိုဝင်ဘာလ** - ရန်သူက **ဆာမူပယ်၊ စေးဒေး** ဒေသများကို သိမ်းပိုက်လိုက်သည်။ ၄င်းနေရာများတွင် ရန်သူက စခန်းချ နေရာယူလိုက်သည်။ တပ်မဟာ (၅)နှင့် တပ်မဟာ(၇)နယ်မြေများကိုလည်း ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တိုက်ခိုက်သည်။ တပ်မဟာ(၃)နှင့် KRC ဌာနချုပ်တို့ကို ရန်သူက သိမ်းပိုက်ရရှိလိုက်သောအခါ မူးဆိုးသည် တပ်မဟာမှူး ကျားမောင်ကို အပြစ်တင်ကာ ၄င်းကို တပ်မဟာမှူးတာဝန်မှ ဖြုတ်ချလိုက်သည်။ ၄င်း၏နေရာတွင် ဗိုလ်ထရူးမင်းအား တင်မြှောက်လိုက်သည်။ ဗိုလ်ထရူးမင်း၊ ဗိုလ်မြနှင့် ၄င်း၏တပ်ဖွဲ့များက တပ်မဟာ(၂)နှင့် ပူးပေါင်းကြပြီး ရန်သူ့တပ်များကို နေရာအနှံ့ လိုက်လံတိုက်ခိုက်ကာ ရန်သူထံမှလည်း လက်နက် အများအပြား သိမ်းပိုက်ရရှိနိုင်ခဲ့သည်။ မင်းရန်အောင်ထိုးစစ်သည် (၆)လမျှ ကြာမြင့်ခဲ့သည်။

## (၁၁) အရှေ့တိုင်းအစည်းအဝေး (၁၉၅၇)

ဤအရှေ့တိုင်းအစည်းအဝေးကို ဖာပွန်ခရိုင်၊ **မယ်စီထာ** တွင် ကျင်းပသည်။ ဤအစည်းအဝေးကို ဦးဆောင်ကျင်းပသူမှာ ဗိုလ်ချုပ်အုန်းဖေမြင့်ဖြစ်သည်။ ရန်သူမှ ကြိုတင်သတင်းရရှိသဖြင့် လေယာဉ်များကို စေလွှတ်ပြီး လာရောက်ပစ်ခတ်စေသည်။ ရန်သူ့တိုက်ခိုက်လာမှုကြောင့် အစည်းအဝေးကို **ယိုဖိုးလို့** ရွာသို့ ပြောင်းလိုက်ရသည်။

ဤအစည်းအဝေးသည် တပ်မတော်မှ လိုက်နာဆောင်ရွက်ကြရမည့် မောကို ကွန်ဂရက်၏ ဆုံးဖြတ်ချက်အားလုံးကို လက်ခံသဘောတူသည်။

**စစ်နယ်မြေ(၁)**- တပ်မဟာ(၂)နှင့် တပ်မဟာ(၃)နယ်မြေများ တာဝန်ဖြစ်ပြီး ဗိုလ်ထရူးမင်းမှ ခေါင်းဆောင်မည်။

**စစ်နယ်မြေ(၂)**- တပ်မဟာ(၅)နယ်မြေ ဖြစ်ပြီး ဗိုလ်လင်းထင်မှ တာဝန်ယူ ဦးဆောင်မည်။

**စစ်နယ်မြေ(၃)**- တပ်မဟာ(၆)နှင့် တပ်မဟာ(၇)နယ်မြေများဖြစ်ပြီး (ဖာပွန် စစ်နယ်မြေ အပါအဝင်) ဗိုလ်တာအယ်က တာဝန်ယူသွားမည်။

စစ်နယ်မြေအလိုက် ရန်သူအားတိုက်ခိုက်ရာတွင် ရန်သူကို အများဆုံး ချေမှုန်းနိုင်သည့် စစ်နယ်မြေကို ဆုချီးမြှင့်မည်ဟု သဘောတူဆုံးဖြတ်ကြသည်။

## (၁၂) အရှေ့တိုင်းကွန်ဖရင့်၊ ဖာပွန်(၁၉၅၈)

**၁၉၅၈ ခုနှစ်** (မိုးရာသီ) **မလေးလယ်** တွင် ဤအရှေ့တိုင်းကွန်ဖရင့်ကို ပြုလုပ်ကျင်းပသည်။ ဤကွန်ဖရင့်၏ရည်ရွယ်ချက်မှာ ခေါင်းဆောင်သစ်ကို ရွေးချယ်ရန်နှင့် တော်လှန်ရေး၏ရှေ့လုပ်ငန်းများကို ရေးဆွဲချမှတ်သွားရန်ဖြစ်သည်။ ဤအစီအစဉ်ကို ရန်သူသိရှိသွားသဖြင့် အစည်းအဝေးစတင်ပြီး အချိန်အနည်းငယ်အတွင်း ရန်သူ့ စစ်လေယာဉ်များက **မလေးလယ်** နှင့် **လေးစီး** ရွာကို ဗုံးကြဲတိုက်ခိုက်လာသည်။ ဤဗုံးကြဲတိုက်ခိုက်မှုတွင် လူ(၂)ဦး ထိခိုက်သေဆုံးသွားသည်။ ရန်သူ့ခြေလျင်တပ်ကလည်း ထိုးစစ်ဆင်တိုက်ခိုက်လာပြန်သည်။ ယင်းအစည်းအဝေး၏နေရာကို တပ်မဟာ(၅) နယ်မြေ **ပေါ်ပေါ်ထာ**ရွာသို့ ပြောင်းရွှေ့ ကျင်းပရသည်။ ရန်သူ့တပ်များ ထပ်မံရောက်ရှိလာပြီး တိုက်ခိုက်ပြန်သဖြင့် ပဒိုအဲဒဝပ်မွေထော် ဒဏ်ရာရ သေဆုံးခဲ့ရသည်။ အစည်း

အဝေး၏ နေရာကို ထပ်မံ၍ **မဲဂတ်လို** သို့ ပြောင်းရွှေ့သွားရပြန်သည်။ ဤကွန်ဖရင့်တွင် ပဒိုမန်းသိန်းမောင်ကို တိုင်းဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ မန်းသိန်းမောင်သည် ဤတာဝန်ကို **ကဆောဝါး**ကွန်ဂရက် ကျင်းပသည့်အချိန်အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ကျင်းပသည့် ထို**ကဆောဝါး**ကွန်ဂရက်တွင် ကရင်လက်နက်ကိုင်တော်လှန်ရေး အကွဲအပြဲပေါ်ပေါက်လာသည်။

## (၁၃) KNUP နှင့် ပထမအကြိမ် ပါတီကွန်ဂရက် (၁၉၅၉)

**၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ**တွင် ကျင်းပသည့် ဤပါတီကွန်ဂရက်တွင် (၁) ဥက္ကဋ္ဌ ဟန်တာသာမွေး၊ အတွင်းရေးမှူးမန်းဘဇန်၊ ဗိုလ်ချုပ်မင်းမောင်၊ ဗိုလ်ချုပ်ကော်ထူး၊ မန်းရာပလေ၊ မန်းသိန်းမောင်တို့ကို ရွေးချယ်တင်မြှောက်သည်။ အခြားဗဟိုကော်မတီဝင် (၉)ယောက်နှင့် အရန်ဗဟိုကော်မတီဝင် (၁၀)ယောက်ကိုလည်း ရွေးချယ်တင်မြှောက်သည်။ ဗဟိုကော်မတီဝင် စုစုပေါင်း (၂၅)ယောက် ဖြစ်ကြသည်။ KNUP သည် ဦးဆောင်ပါတီဖြစ်သဖြင့် နိုင်ငံရေးအရ အကောင်းဆုံးဦးဆောင်မှုကို ပေးရန်ဖြစ်သည်။ လက်ဝဲ-လက်ယာလမ်းစဉ်ပြဿနာများကိုလည်း အကျေအလည် ဆွေးနွေးကြသည်။

တော်လှန်ရေး အောင်မြင်မှု ရရှိရေးအတွက် ပြဒါးရှင် (၃) လုံး ဖြစ်သည့် (၁) ဦးဆောင်ပါတီ၊ (၂) ရန်သူအားအနိုင်ယူမည့် တပ်မတော်နှင့် (၃) နိုင်ငံတော်အာဏာတည်ဆောက်ရေးအတွက် တပ်ပေါင်းစု စသည်တို့နှင့် ပတ်သက်ပြီးလည်း ပြောဆိုဆွေးနွေးခဲ့ကြသည်။

**မေလ(၁၉)ရက်** - ဗကပ၊ ကေအဲန်ယူနှင့် မွန်ခေါင်းဆောင်တို့ ဆွေးနွေးညှိနှိုင်းကြပြီး မဒညတတပ်ပေါင်းစုကို ဖွဲ့စည်းလိုက်ကြသည်။ နောက်ပိုင်းတွင် ကရင်နီနှင့် ချင်းအဖွဲ့အစည်းလည်း မဒညတတပ်ပေါင်းစုတွင် ပါဝင်လာသည်။

ဤတပ်ပေါင်းစုတွင် သဘောတူလက်ခံကြသည့် အခြေခံမူများမှာ လွတ်လပ်ရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးဖြစ်သည်။ တစ်နည်းအားဖြင့် မူအရ တူလျှင် တွဲလုပ်၊ မတူလျှင် ညှိ၊ ညှိမရပါက ခွဲလုပ် ဟု ခံယူသဘောတူခြင်း ဖြစ်သည်။

## (၁၄) လလမဖ အား ဖွဲ့စည်းခြင်း (၁၉၆၀)

**ဧပြီလ** - မူးဆိုးက လူမျိုးစုများနှင့်ပတ်သက်၍ အစည်းအဝေးတစ်ခုကို **မယ်ပရေး**တွင် ခေါ်ယူကျင်းပပြီး **လလမဖ** ခေါ် လူမျိုးစုများလွတ်မြောက်ရေး မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းသည်။ ကရင်၊ ကရင်နီနှင့် ရှမ်းလူမျိုးများပါဝင်သည်။ ဤအစည်းအဝေး အောင်မြင်ရေးအတွက် တပ်မဟာ(၅)မှ တာဝန်ယူသည်။

**ဧပြီလ (၂၈)ရက်** - လူမျိုးစုများလွတ်မြောက်ရေး၊ မဟာမိတ်အဖွဲ့များ ဖွဲ့စည်းသည့်နေ့ဖြစ်သည်။ ကရင်၊ ကရင်နီ၊ ရှမ်း လူမျိုးများ ပါဝင်လက်မှတ်ထိုးပြီး ဖွဲ့စည်းခြင်းဖြစ်သည်။

**၁၉၆၀ ခုနှစ် မေလ** - ဗိုလ်လင်းထင်နှင့် ဗိုလ်ထရူးမင်းတို့၏ စစ်ကြောင်းများက **မဲဆောက်**မြို့ကို ဝင်ရောက်စီးနင်းတိုက်ခိုက်သည်။ နွားအရောင်းအဝယ်ကိစ္စတွင် ထိုင်းဘက်မှ ကုန်သည်များက လိမ်လည်ခဲ့ကြောင့် ဤကဲ့သို့ ကျူးကျော်တိုက်ခိုက်မှု ဖြစ်ခဲ့ရခြင်းဖြစ်သည်။

## (၁၅) ကရင်တပ်များ ရှမ်းပြည်နယ်သို့ ချီတက်တိုက်ခိုက်ခြင်း (၁၉၆၁ - ၁၉၆၂)

**၁၉၆၂၊ မတ်လ(၂) ရက်** - ဗိုလ်နေဝင်းက တိုင်းပြည်ကို အာဏာသိမ်းသည်။ တပ်ပေါင်းစုလုပ်ငန်းတွင် စစ်ရေး သဘောတူညီချက်ရှိခဲ့သည့်အတိုင်း ဗိုလ်လင်းထင်နှင့် ဗိုလ်ထရူးမင်းတို့ တပ်ရင်းတစ်ရင်းစီကို ဦးစီးပြီး ရှမ်းပြည်နယ်သို့ ချီတက်ကာ ရှမ်းပြည်ရှိ တော်လှန်ပုန်ကန်သည့် ရှမ်းအမျိုးသားများနှင့် ပူးပေါင်းပြီး ရန်သူကို လှည့်လည်တိုက်ခိုက်ရန်ဖြစ်သည်။ ၄င်းတို့ ကရင်နီပြည်နယ် **ဟိုကျယ်**ဒေသတွင် ရောက်ရှိသည့်အခါ ကယားပုလိပ်တပ်ဖွဲ့နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ရာ ရှေ့ဆက်ပြီး မချီတက်နိုင်တော့သဖြင့် နောက်ကြောင်းပြန်ခဲ့ကြသည်။

**၁၉၆၂ ခုနှစ်** - KPLA တပ်မတော်၊ တပ်မဟာ(၇) တပ်ခွဲတစ်ခွဲနှင့် တပ်မဟာ(၃)၏ တပ်ခွဲတစ်ခွဲတို့ကို ဗိုလ်စံဖေနှင့် ဗိုလ်စောဒူးတို့ အသီးသီး ဦးစီးပြီး စစ်ကြောင်းတစ်ကြောင်းအဖြစ် ဖွဲ့စည်းကာ၊ ဤစစ်ကြောင်းအား စစ်ကြောင်းမှူး ဗိုလ်ဘရှိန်းနှင့် စစ်ကြောင်းနိုင်ငံရေးမှူး ဗိုလ်အောင်ဒင်တို့က ဦးစီး၍ ရှမ်းပြည်နယ်သို့ ကောင်းမွန်စွာ

ချီတက်သွားရောက်နိုင်ခဲ့သည်။ ဤစစ်ကြောင်းသည် ရှမ်းပြည်ရှိ ရှမ်းအမျိုးသားတပ်များနှင့် လက်တွဲကာ နေရာအတော်များများတွင် ရန်သူများကို လှည့်လည် တိုက်ခိုက်နိုင်ခဲ့သည်။

## (၁၆) ၇ ကြိမ်မြောက် KNU ကွန်ဂရက် (၁၉၆၃)

ဤကွန်ဂရက်ကို ဖာပွန်ခရိုင်၊ **နော်ယိုထာ** ကျေးရွာအုပ်စုရှိ **ကဆောဝါး** ရွာတွင် ပြုလုပ်ကျင်းပခြင်း ဖြစ်သည်။ **၁၉၆၃ ခုနှစ် ဧပြီ ၂၀- ရက် တွင်** KRC ကွန်ဂရက်ကို ကဆောဝါး၌ပင် ခေါ်ယူကျင်းပသည်။ ဤကွန်ဂရက်တွင် မူးဆိုးက ဒုတိယလမ်းစဉ်နှင့် ဆန့်ကျင်သည့် တော်လှန်ရေး လမ်းစဉ်သစ်တစ်ခုကို တင်လာသည်။ ၎င်း၏ အဆိုပြု တင်ပြသည့်လမ်းစဉ်ကို ထောက်ခံသူကိုယ်စားလှယ်အရေအတွက် နည်းပါးသည်။ သို့ဖြင့် မူးဆိုးသည် စိတ်ဆိုးဒေါသထွက်ကာ အမြင်ချင်း မတူညီနိုင်ကြသဖြင့် ကျွန်ုပ်တို့ အတူတကွ ပူးပေါင်းလုပ်ဆောင်ရန် မဖြစ်နိုင်တော့ပါဟု ပြောဆိုသည်။ ဆက်လက်ပြီး ၎င်းက သို့ဖြစ်လျင် KNUP မှ မြစ်ဝကျွန်းပေါ်နှင့် ပဲခူးတိုင်းကိုယူ၊ မိမိတို့ KRC က အရှေ့တိုင်းကိုယူမည်ဟု တုံးတိတိပြောဆိုပြီး ကွန်ဂရက်အစည်းအဝေးမှ ထွက်ခွာလေတော့သည်။ မူးဆိုးနှင့်အတူ ကိုယ်စားလှယ်(၁၀)ဦးခန့် လိုက်ပါထွက်ခွာကြသည်။ သဘာပတိအဖြစ် ဆောင်ရွက်သည့် မူးဆိုး၏နေရာတွင် ပိုလ်ချုပ်အုန်းဖေက ဆက်လက်ဆောင်ရွက်သည်။

နိုင်ငံရေးအရ အမြင်ကွဲလွဲမှုများရှိနေသဖြင့် ရန်သူ၏ ဝင်ရောက်စွက်ဖက်မှုကြောင့် အကွဲအပြဲဖြစ်ပေါ်ခဲ့ရလေတော့သည်။ ဒုတိယလမ်းစဉ်အပေါ် အမြင် မတူညီမှုများမှာ နယ်ချဲ့စနစ်အား အဓိကရန်သူအဖြစ် သတ်မှတ်ခြင်းကို ၎င်းတို့ သဘော မတူပါ။ ၎င်းတို့က အရှေ့တိုင်းတွင် အခြေခံနေထိုင်ရသဖြင့် ငွေရှင်ကြေးရှင်တို့နှင့် မကင်းရာမကင်းကြောင်း ဆက်ဆံကြရသည်။ မူးဆိုးသည် ဤဒုတိယလမ်းစဉ်ကို ဆန့်ကျင်ခြင်းအားဖြင့် နိုင်ငံခြားအကူအညီ ရနိုင်ဖွယ်ရှိသည်ဟု ယုံကြည်သူ ဖြစ်သည်။ ယင်းကြောင့် ဤဒုတိယလမ်းစဉ်ကို ဆန့်ကျင်ခြင်းဖြစ်သည်။

မူးဆိုး၏သဘောထားမှာ ဗမာသည် မိမိတို့၏ရန်သူ၊ ယင်းကြောင့် ဗမာအားလုံးကို သတ်ပစ်ရမည်။ တော်လှန်ရေးကမူ မဟာဗမာဝါဒကို ရန်သူသတ်မှတ်ပြီး အုပ်စိုးသူဗမာအစိုးရကိုသာ တိုက်ရမည်ဟု ခံယူသည်။

**ဝေသော သဘောထား**- ဝေသောက အလိုအပ်ဆုံးမှာ ငွေဖြစ်သည်။ ငွေရရှိရေး အတွက် နည်းလမ်းပေါင်းစုံ ရှာကြရမည်။ နည်းလမ်း အကောင်းအဆိုး မခွဲဘဲ ရှာရန်ဖြစ်သဖြင့် ဓားပြတိုက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု အများအပြား ပေါ်ပေါက်စေခဲ့သည်။

စည်းရုံးရေးပုံသဏ္ဌာန်ချမှတ်ရာတွင် မရှင်းမလင်းဖြစ်နေသည်။ KRC သည် အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဟု ဆိုထားသည်။ တစ်ဖက်တွင်မူ KNUP သည် ကရင့်တော်လှန်ရေးကို ရှေ့ဆောင်ရမည်ဟု ဆိုထားပြန်သည်။ ယင်းကြောင့် အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သည့် KRC သည် KNUP ၏ နိုင်ငံရေးဦးဆောင်မှုကို ခံယူရမည်ဖြစ်သည်။ ဤကဲ့သို့ဖြစ်နေခြင်းကို ခေါင်းဆောင်များအတွက် မရှင်းမလင်း ဖြစ်နေသည်။ KRC က ၎င်းတွင် အမြင့်ဆုံးအာဏာရှိနေသည်ဟု ဆိုပြီး KNUP က ၎င်းသာတော်လှန်ရေးကို ရှေ့ဆောင်ရမည်ဟုဆိုသည်။ ဤအဖွဲ့နှစ်ခု၏ အဓိကတာဝန်မှာ တစ်ခုတည်းဖြစ်သည်။ တာဝန်ခွဲဝေမှုတွင် မသင့်မတင့်ဖြစ်နေပြီး၊ တာဝန်ယူမှု၏ အဓိပ္ပာယ်ယူဆချက်မှာ တစ်ယောက်တစ်မျိုးဖြစ်နေကြသည်။ ယင်းကြောင့် KRC နှင့် KNUP သည် ယှဉ်ပြိုင်အဖွဲ့အစည်းနှစ်ခုဖြစ်နေသည်။ သို့ဖြင့် ကွဲပြဲကြသည်အထိ ဖြစ်လာတော့သည်။

KNUP မှ ညီညွတ်ရေးအတွက် KRC နှင့် ညှိနှိုင်းဆွေးနွေးရေး (၆)ကြိမ်တိတိ ကြိုးပမ်းခဲ့သည်။ **ပနာအေပါယ်ခီ** တွင် (၄)ကြိမ်၊ **နော်ယိုထာ**တွင် (၂)ကြိမ်ဖြစ်သည်။ သို့ရာတွင် တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှု ပြန်လည်ရရှိခြင်း မရှိပါ။

**၁၉၆၃ ခုနှစ် ဇွန် (၁၀)ရက်** - ဗိုလ်နေဝင်းက ငြိမ်းချမ်းရေးအတွက် တော်လှန်ရေး သမားများနှင့် တွေ့ဆုံဆွေးနွေးရန် ထုတ်ပြန်ကြေညာသည်။ KNUP ခေါင်းဆောင်များက မူးဆိုးကို KRC နှင့် KNUP ကွဲခဲ့ပြီဖြစ်သော်လည်း ရန်သူနှင့် တွေ့ဆုံဆွေးနွေးရာတွင် တစ်စုတစ်ဖွဲ့တည်း တွေ့ဆုံဆွေးနွေးကြရန်အတွက် သွားရောက်သင့်သည်ဟု တင်ပြဆွေးနွေးသည်။ သို့သော် မူးဆိုးက လုံးဝလက်ခံခြင်းမရှိပါ။ ဗမာကိုတိုက်တာ ဗမာမျက်နှာကို မကြည့်ဘူးဟု ပြောသည်။ ယင်းနေ့ ညပိုင်းတွင် မက်(စ်)စီဖိုးသိန်း ရောက် ရှိ လာပြီး လက်ဆောင်ပစ္စည်းတချို့နှင့်အတူ ဟန်တာသာမွှေး(မူးဆိုး)ကို လာရောက် တွေ့ဆုံသည်။ မက်(စ်)စီဖိုးသိန်းကို နေဝင်းက စေလွှတ်ခြင်းသာဖြစ်သည်။

နောက်တစ်နေ့တွင် မူးဆိုးက KNUP ခေါင်းဆောင်များအား နှစ်ဖွဲ့ကွဲပြီးဖြစ်သဖြင့် သီးခြားစီ သွားရောက်တွေ့ဆုံကြရန်သာ ဖြစ်သည်ဟု ပြောကြားလိုက်သည်။

သို့ဖြင့် နစ်ဖွဲ့စလုံးက ဗိုလ်နေဝင်းအား သီးခြားအစီအစဉ်တို့ဖြင့် သွားရောက်တွေ့ဆုံရန် စီစဉ်ကြတော့သည်။

**၁၉၆၃ ခုနှစ် ဖွန်လ -** မူးဆိုးနှင့်အဖွဲ့သားများအား ကျောက်ကြီးမြို့မှတစ်ဆင့် ဗိုလ်နေဝင်းကို သွားရောက်တွေ့ဆုံပြီး KNUP မှာမူ သံတောင်မြို့မှတစ်ဆင့် ရန်သူကို သွားရောက်တွေ့ဆုံကြသည်။

## (၁၇) KRC မှ ဗိုလ်နေဝင်းနှင့် သဘောတူညီမှုရရှိပြီးနောက် KNUP ဗဟိုအား ပြန်လည်တိုက်ခိုက် (ခေးပူ ၁၉၆၄)

**၁၉၆၄ ခုနှစ် မတ်လ -** မူးဆိုးမှ ဗိုလ်နေဝင်းနှင့် သဘောတူညီမှုရရှိသောအချိန်တွင် ၄င်းနှင့်အတူ ပါသွားကြသူများမှာ တပ်မဟာ(၅)နှင့် တပ်မဟာ(၃) အင်အားအချို့ ဖြစ်ကြသည်။ ဗိုလ်နေဝင်းနှင့်ဆွေးနွေးနေကြစဉ် ရန်သူမှ၄င်းတို့အား ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ်များအတွင်း လက်နက်ကိုင်လှုပ်ရှားကြသူများမှာ မည်သူများဖြစ်ကြောင်း မေးမြန်းစုံစမ်းရာ မူးဆိုးက ၄င်းတို့လူများမဟုတ်၊ KNUP တပ်များ ဖြစ်ကြောင်း ဖြေကြားသည်။ KNUP နှင့်ပတ်သက်ပါက တစ်ခုတည်းသောလမ်းမှာ တိုက်ခိုက် ရှင်းလင်းသွားရန်သာဖြစ်ကြောင်း ရန်သူစစ်ဗိုလ်များအား ပြောဆိုသည်။ ယင်းအချိန်မှစပြီး မူးဆိုးသည် KNUP ဗဟိုအား ရှင်းလင်းတိုက်ခိုက်ရန် စီစဉ်လေတော့သည်။

မူးဆိုး၏ ကြိုးစီအစဉ်အောက်တွင် တပ်မဟာ(၅)အဖွဲ့သည် **ခေးပူ**တွင်ရှိသည့် KNUP ဗဟိုဌာနချုပ်ကို သွားရောက်တိုက်ခိုက်ရာ ဗဟိုမှ စစ်ဗိုလ်စစ်သား စုစုပေါင်း (၁၃) ယောက် ကျဆုံးကြရသည်။ ဆရာအုန်းဖေညွှန့်ကို အရှင်ဖမ်းမိပြီး သေဆုံးသည်အထိ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်သည်။

ဗိုလ်နေဝင်းအစိုးရနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည့် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှာ အလံနီကွန်မြူနစ်ပါတီ၊ ရခိုင်ကွန်မြူနစ်ပါတီ၊ ရှမ်းလက်နက်ကိုင်အဖွဲ့ SSLA၊ ကချင်တော်လှန်ရေးအဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ချင်းအမျိုးသား အဖွဲ့၊ KNUP ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ မွန်ပြည်သစ်ပါတီ၊ မူးဆိုးဦးစီးသည့် KRC အဖွဲ့များ ဖြစ်ကြသည်။

(၅)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးကြပြီးနောက် ဗိုလ်နေဝင်းမှ အောက်ပါအချက် (၅)ချက်ပါဝင်သည့် ထုတ်ပြန်ချက်ကို ထုတ်လွှင့်လိုက်သည်။

(၁) လာရောက်ဆွေးနွေးကြသည့် တော်လှန်ရေးအဖွဲ့များ ၄င်းတို့အား သတ်မှတ်ထားသည့် နေရာများ၌သာ ရှိနေကြရမည်။
(၂) မည်သည့်လုပ်ငန်းမျှ ပြုလုပ်ခြင်း မရှိရ။
(၃) အခွန်အကောက်များ ကောက်ခံခြင်းမပြုရ၊ အုပ်ချုပ်ရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ခြင်း မပြုရ။
(၄) သတ်မှတ်နေရာမှထွက်ခွာလိုပါက တာဝန်ရှိသူများထံမှ ခွင့်ပြုချက်တောင်းခံရမည်။
(၅) ၄င်းတို့ရှိရာ နယ်မြေအသီးသီးမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရမည်။

## (၁၈) ဗိုလ်ချုပ်မြ အစည်းအဝေးခေါ်ယူကျင်းပခြင်း - ပလေဖိုး (၁၉၆၅)

ထိုစဉ်က ဗိုလ်ချုပ်မြသည် စစ်နယ်မြေဖုန်မှူးဖြစ်သည်။ **၁၉၆၅ ခုနှစ်** နှစ်သစ်ကူးတွင် ဗိုလ်ချုပ်မြသည် ဖာပွန်ခရိုင် **ကလောဖိုး**တွင် အစည်းဝေးတစ်ရပ်ကို ခေါ်ယူကျင်းပသည်။

အကြောင်းအရာနှစ်ရပ်အပေါ် တင်ပြဆွေးနွေးခြင်းဖြစ်သည်။

(၁) အဓိက ရန်သူအား နယ်ချဲ့သမားနှင့် ဆိုရှယ်လစ်လူ့အဖွဲ့အစည်းကို ထူထောင်ရန်စသည့် အချက်ကို ပယ်ဖျက်ပြင်ဆင်ရန် နှင့်
(၂) လက်ဝဲအသုံးအနှုန်းများကို သတိထားပြီး သုံးနှုန်းခြင်းပြုရန် တို့ဖြစ်သည်။

ပါတီ ခေါင်းဆောင်များက လက်ဝဲအသုံးအနှုန်းများကို သတိထား သုံးနှုန်းသွားရန် လက်ခံကြသည်။ သို့သော် ဖွဲ့စည်းပုံစည်းမျဉ်းကိုမူ ကွန်ဂရက်ကသာ ပြုပြင်ပြောင်းလဲနိုင်ကြောင်း ပြန်လည်ပြောဆို ရှေ့ဆောင်ခဲ့သည်။

## (၁၉) ပါတီခေါင်းဆောင်များနှင့် ဗိုလ်ချုပ်မြ တွေ့ဆုံဆွေးနွေးကြခြင်း (၁၉၆၆)

**၁၉၆၆** နှစ်သစ်တွင် ပါတီခေါင်းဆောင်များအား အရှေ့တိုင်းမှထွက်ခွာပြီး ပဲခူးရိုးမသို့ ကူးသွားကြရန် ဗိုလ်ချုပ်မြက အမိန့်စာတစ်စောင်ရေးပို့သည်။ ဗိုလ်ချုပ်မြသည် စကောလယ်တောထံသို့ ၄င်းနှင့် လာရောက်တွေ့ဆုံဆွေးနွေးရန်ကိုလည်း စာရေးအကြောင်းကြားသည်။

**၁၉၆၆ ခုနှစ်**တွင် ဗိုလ်ချုပ်မြသည် အရှေ့တိုင်းအစည်းအဝေးကို ခေါ်ယူကျင်းပပြီး ကရင့်တော်လှန်ရေးလမ်းစဉ်ကို ပြင်ဆင်ကာ KNLC ကို ဖွဲ့စည်းလိုက်သည်။

ပါတီခေါင်းဆောင်များက ဗိုလ်ချုပ်မြနှင့် တွေ့ဆုံဆွေးနွေးရန် တောင်းဆိုသဖြင့် ဗိုလ်ချုပ်မြသည် **ခေးပူ**ကျေးရွာတွင် ပါတီခေါင်းဆောင်များနှင့် သွားရောက် တွေ့ဆုံကာ သုံးရက်တိုင်တိုင် ဆွေးနွေးကြသည်။ ဤဆွေးနွေးပွဲ၏ ဆုံးဖြတ်ချက်များမှာ –

(၁) အဓိကရန်သူအား နယ်ချဲ့စနစ်အဖြစ် သတ်မှတ်ခြင်းကို ပယ်ဖျက်ပစ်ရန်။

(၂) ဆိုရှယ်လစ်လူ့ဘောင်သို့ ချီတက်မည်ဟု ဆိုထားသည့် ရည်ရွယ်ချက်တို့ကို ပယ်ဖျက်ပစ်ရန်၊

(၃) အရှေ့တိုင်းအလုပ်အမှုဆောင်ကော်မတီ (ယာယီ)အား ဖွဲ့စည်းသွားရန် တို့ ဖြစ်သည်။

## (၂၀) ပါတီဗဟိုကော်မတီအစည်းအဝေး (၁၉၆၇)

**၁၉၆၇ ခုနှစ် ဇူလိုင်လ** - နေဝင်းစစ်အစိုးရအား ဓနရှင်အစိုးရဖြစ်ပြီး မိမိတို့မှ ပြတ်ပြတ်သားသားတိုက်ခိုက်သွားရန် သတ်မှတ်ကြသည်။

ဆိုဗီယက်၊ ရုရှားနှင့် တရုတ်ပြည်တို့၏ သဘောတရားရေးအရ ကွဲလွဲနေမှုနှင့် ပတ်သက်ပြီး အစည်းအဝေးတွင် အကျယ်အပြန့်ဆွေးနွေးကြသည်။

**၁၉၆၇ ခုနှစ်** အတွင်း တရုတ်-ဗမာအရေးအခင်း ပေါ်ပေါက်လာသဖြင့် တရုတ်ပြည်အနေနှင့် နေဝင်းစစ်အစိုးရကို အကြီးအကျယ်ဆန့်ကျင်တိုက်ခိုက်ပြောဆိုသည်။

KNUP မှ အစည်းအဝေးကျင်းပပြီး ကိုယ်စားလှယ်သုံးဦးကို ရွေးချယ်ကာ အမျိုးသား ညီညွတ်ရေးအတွက် ဗိုလ်ချုပ်မြနှင့် သွားရောက်တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်သည်။ ယင်းကိုယ်စားလှယ်သုံးဦးမှာ စကောလယ်တော၊ ဗိုလ်ချုပ်ကော်ထူးနှင့် ဗိုလ်မောင်မောင်တို့ ဖြစ်ကြသည်။

တွေ့ဆုံကြရာတွင် ပါတီမှတောင်းဆိုချက်ကို ဗိုလ်ချုပ်မြမှ သဘောတူလက်ခံပြီး ဆွေးနွေးပွဲကို **မူသယ်၊ ဟဲဒဲ** အရပ်တွင် ပြုလုပ်သည်။ ဗိုလ်ချုပ်မြမှ ခေးပူ အစည်းအဝေး၏ သဘောတူညီချက်ကို ပြန်လည်တောင်းဆိုလာပြီး ၄င်းကို သဘောတူလက်ခံကြသည်။ ၄င်းက KRC အစည်းအဝေးကို ခေါ်ဆိုရန်နှင့် ယင်း အစည်းအဝေးအတွက် ကုန်ကျစရိတ်ကို ၄င်းက တာဝန်ယူမည် ဟု ပြောဆိုသည်။

## (၂၁) မြစ်ဝကျွန်းပေါ်အား ရန်သူမှ ရွှေလင်းယုန်- မိုးဟိန်း စစ်ဆင်ရေးဖြင့် ထိုးစစ်ဆင်တိုက်ခိုက်လာခြင်း (၁၉၆၀-၆၉)

**၁၉၆၈ ခုနှစ်**တွင် KNUP နှင့် KNLC တို့သည် **နော်ယိုထာ-ရှိုးလူ**တွင် တွေ့ဆုံကြပြီး KNUF ကို ဖွဲ့စည်းလိုက်ကြသည်။ KNUF ၏ ဥက္ကဋ္ဌအဖြစ် မန်းဘဇန်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်မြတို့ကို ရွေးချယ်တင်မြှောက်ကြသည်။

ကော်သူးလေအား တိုင်း ၃ တိုင်းအဖြစ် သတ်မှတ်ကြသည်။ (၁) မြစ်ဝကျွန်းပေါ်တိုင်း၊ (၂) ပဲခူးရိုးမတိုင်းနှင့် (၃) အရှေ့တိုင်းတို့ ဖြစ်ကြသည်။ ရန်သူမှ ကရင့်တော်လှန်ရေးအား စစ်ရေး၊ နိုင်ငံရေးတွင် အင်အားအကောင်းဆုံးအဖြစ် သတ်မှတ်သည်။ ယင်းကြောင့် ရန်သူသည် မြစ်ဝကျွန်းပေါ်အား **မိုးဟိန်း**စစ်ဆင်ရေး အဆင့် (၁)၊ (၂)၊ (၃) စသည်ဖြင့် အဆင့်ဆင့်သတ်မှတ်ကာ အကြီးအကျယ် ထိုးစစ်ဆင် တိုက်ခိုက်သည်။ ထိုးစစ်မှာ အဆင့်(၁၀)အထိဖြစ်လာပြီး အခြေခံနယ်များကို သိမ်းပိုက်ကြသည်။ ပိတ်ဆို့ရေးနည်းဗျူဟာကို အသုံးပြုကာ ရေကြောင်း၊ ကုန်းကြောင်း အားလုံးကို ဝိုင်းဝန်းပိတ်ဆို့ပြီး တိုက်ခိုက်ခြင်းဖြစ်သည်။ ဤစစ်ဆင်ရေးသည် ပြင်းထန်လွန်းသဖြင့် မိမိတို့၏ အခြေခံဒေသတွင် ရပ်တည်နိုင်ခြင်းမရှိတော့ဘဲ မြစ်ဝကျွန်းပေါ်ကို စွန့်ခွာကာ အရှေ့ဘက်ဒေသ ပဲခူးရိုးမဘက်သို့ ရွှေ့ပြောင်းကြရသည်။

**၁၉၆၈ ခုနှစ်** တွင် နယ်စပ်ဒေသ၌ နယ်စပ်ဂိတ်များ တစ်ခုပြီးတစ်ခု အလျှိုလျှိုပေါ်ပေါက်လာသည်။ **ဖလူး**ဂိတ်မှစပြီး **ကော်မူးရာ**ဂိတ်၊ နောက်ပိုင်း **မော်ဖိုးကေ၊ မယ်သဝေါ၊ သော်လဲထာ၊ စောထာ၊ နတ်အိမ်ထောင်၊ ဘုရားသုံးဆူ**ဂိတ်များ ပေါ်ပေါက်ပြီး ဂိတ်များမှ ရရှိသည့် ဝင်ငွေမှာ အတော်ကောင်းမွန်လျက်ရှိသည်။

## (၂၂) ၈-ကြိမ်မြောက် KNU ကွန်ဂရက်

**၁၉၇၀ ခုနှစ် တော်နော်ခီး**တွင် ပြုလုပ်ကျင်းပသည်။ **ဧပြီလ ၁၉၇၀ ခုနှစ်** ကေအဲန်ယူနှင့် NMSP တို့သည် ဦးနု၏ ပါလီမန်ဒီမိုကရေစီပါတီနှင့် ဘန်ကောက်မြို့တွင် သွားရောက်တွေ့ဆုံဆွေးနွေးကြသည်။ ဤတွေ့ဆုံဆွေးနွေးပွဲတွင် ၎င်းတို့သည် တိုင်းရင်းသားပေါင်းစုံ ညီညွတ်ရေးနှင့် လွတ်မြောက်ရေးတပ်ပေါင်းစု (တညလ)တပ်ပေါင်းစုကို သဘောတူ ဖွဲ့စည်းလိုက်ကြသည်။ ဦးနုက တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်ပြီး တန်းတူရေးကိုသာ မူအရ သဘောတူလက်ခံထားသည်။ ကိုယ်ပိုင် ပြဋ္ဌာန်း

ခွင့်နှင့် ပတ်သက်ပြီး ၎င်းမှ လက်ခံခြင်း မပြုပါ။ တစ်နှစ်အတွင်းတွင် ဦးနုသည် ၎င်း၏ ပြည်သူ့ပြည်ချစ်ပါတီအတွက် လက်နက်ကိုင်တပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ပြီး စစ်သုံးပစ္စည်းများ၊ လက်နက်များကို တပ်ဆင်ပေးနိုင်ကာ ကေအဲန်ယူနှင့်ပူးပေါင်း၍ တိုက်ပွဲဝင်နိုင်ခဲ့သည်။

**၁၉၇၀ ခုနှစ်** တွင် ရန်သူက **အောင်စိုးမိုး**စစ်ဆင်ရေးကို စီမံကိန်းချပြီး ပဲခူးရိုးမ ရှိ ကရင့်တော်လှန်ရေးတပ်ဖွဲ့များကို ၎င်းတို့၏ တပ်မ(၈၈)၊ (၉၉) တို့နှင့် ထိုးစစ်ဆင် တိုက်ခိုက်လာသည်။

**၁၉၇၀ ခုနှစ် နိုဝင်ဘာလ**တွင် ကေအဲန်ယူ၏(၈)ကြိမ်မြောက် ကွန်ဂရက်ကို **တော်နော့ခီး**(မဲသဝေါ်အောက်ပိုင်း) ထိုင်းနိုင်ငံအတွင်းတွင် ပြုလုပ်ကျင်းပသည်။ အစည်းအဝေး တစ်လကျော်ကြာမြင့်ခဲ့သည်။ ဤအစည်းအဝေးတွင် KNUF ကို ဖျက် သိမ်းပြီး ကေအဲန်ယူ၏ခေါင်းဆောင်မှုအောက်တွင် တပေါင်းတစည်းတည်း ဆောင်ရွက် သွားကြရန် ဆုံးဖြတ်သည်။

ဤကွန်ဂရက်တွင် မန်းဘဇန်အား ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မြ ဒုဥက္ကဋ္ဌ၊ အထွေထွေ အတွင်းရေးမှူး ဗိုလ်သန်းအောင်၊ တွဲဖက် အထွေထွေအတွင်းရေးမှူး ဗိုလ်မောင်မောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဌာန တာဝန်ခံ ပဒိုဖူးလယ်ဝါး၊ သစ်တောဌာနတာဝန်ခံ ပဒိုသာပြည့်၊ ပညာရေး ယဉ်ကျေးမှုတာဝန်ခံ ပဒိုဂေဒွဲဘွား၊ ပညာရေး ကျန်းမာရေးဌာနတာဝန်ခံ ပဒို ချားလေတို့ကို ရွေးကောက် တင်မြှောက်လိုက်ကြသည်။

**၁၉၇၀ ခုနှစ်**တွင် ဗဟိုမှ ပဒိုဘသင်အား စည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ ဗိုလ်မှူး ကြီးစောသိန်းကို ကော်မတီအတွင်းရေးမှူးနှင့် ဗိုလ်မှူးကြီးတောလှကို စစ်ရေးတာဝန်ခံ များအဖြစ် မြိတ်ထားဝယ်ခရိုင်သို့ သွားရောက် တာဝန်ယူရွေ့ဆောင်ရန် ရွေးချယ် စေ လွှတ်လိုက်သည်။

## (၂၃) အောင်စိုးမိုး စစ်ဆင်ရေးကြီးဖြင့် ရန်သူက ပဲခူးရိုးမကို ထိုးစစ်ဆင် တိုက်ခိုက်ခြင်း (၁၉၇၁-၇၂)

**၁၉၇၁ ခုနှစ်**တွင် ဦးနုသည် အိန္ဒိယသို့သွားရောက်ပြီး ဘာသာရေးလုပ်ငန်း ကိုသာ လုပ်ဆောင်တော့မည်ဟု ထုတ်ပြန်ကြေညာသည်။ ၁၉၇၁ ခုနှစ် မြိတ်ထားဝယ် တွင် အခြေစိုက်သည့် ပြည်သူ့ပြည်ချစ်ပါတီမှ ကရင်နယ်မြေရှိ သတ္တုတွင်းများကို အပိုင် စီးရန် စီစဉ်လုပ်ဆောင်လာသဖြင့် KNLA တပ်ရင်း (၁၀၁) တပ်မဟာ (၇)၊ တပ်မဟာ

(၁)တို့၏ တပ်ဖွဲ့များကို ၎င်းတို့အား တိုက်ထုတ်ရန်အတွက် စေလွှတ်လိုက်သည်။

**၁၉၇၂ ခုနှစ်** တွင် ဥက္ကဋ္ဌ မန်းဘဇန်၏ စည်းရုံးရှေ့ဆောင်မှုဖြင့် RNLA (တော်လှန်သော လူမျိုးစုများ လွတ်မြောက်ရေး မဟာမိတ်အဖွဲ့) Revolutionary Nationalities Liberation Alliance ကို ဖွဲ့စည်းထူထောင်လိုက်သည်။

## (၂၄) ရန်သူမှ ပဲခူးရိုးမအား ထိုးစစ်ဆင်တိုက်ခိုက်ခြင်း (၁၉၇၃)

**၁၉၇၃ ခုနှစ်** တွင် ရန်သူသည် ၎င်း၏ တပ်မ (၈၈)ကို ရုတ်သိမ်းပြီး တပ်မ (၇၇)ကို စေလွှတ်ကာ ပဲခူးရိုးမအား ချေမှုန်းရန် ထိုးစစ်ဆင်တိုက်ခိုက်လာသည်။ မိမိတို့ တော်လှန်ရေးအင်အားစုအတွက် အကြီးမားဆုံးအခက်ခဲမှာ ရိက္ခာရရှိရေးပင်ဖြစ်သည်။ မိမိတို့တပ်ဖွဲ့များသည် တောင်ယာခင်း အများအပြား ခုတ်သော်လည်း ၎င်းတို့အားလုံးကို ရန်သူများက ဖျက်ဆီးနိုင်ခဲ့သည်။ ရိက္ခာရရှိရေးအတွက် ခက်ခက်ခဲခဲ လုပ်ဆောင် ကြရသည်။ သယ်ယူပို့ဆောင်ရေး ခက်ခဲသည်။ ဆေးဝါးများချို့တဲ့ခြင်းများသည် မိမိတို့အတွက် အခက်အခဲအလွန်ကြီးမားသည်။

### ၁၉၇၃ ကရင့်တော်လှန်ရေးအတွင်း အကွဲအပြဲပေါ်ပေါက်လာခြင်း

ကေအဲန်ယူနှင့် ကေအဲန်ယူပီတို့ ကျောက်ကြီးမြို့နယ်တွင် အပြန်အလှန် တိုက်ခိုက်လျက်ရှိသည်။ ယခင်အကွဲအပြဲ၏ နောက်ဆက်တွဲ ပြဿနာပင် ဖြစ်သည်။

## (၂၅) ၉ ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက် ပဟီလူ၊ ထိုင်းနိုင်ငံ (၁၉၇၄)

**၁၉၇၄ မတ်လ၊ ဧပြီလ** ကေအဲန်အယ်လ်အေနှင့် ပြည်ချစ်တပ်တို့ ပူးပေါင်းပြီး မြဝတီမြို့အား သိမ်းပိုက်အုပ်ချုပ်ရန်အတွက် တိုက်ခိုက်ကြသည်။ မြို့အား သိမ်းပိုက်ခြင်း မပြုနိုင်ဘဲ ဆုတ်ခွာကြရသည်။ ၁၉၇၄ ကေအဲန်ယူနှင့် ကေအဲန်ယူပီတပ်ဖွဲ့များ ကျောက်ကြီး မြို့နယ်အတွင်း ဆက်လက်ပြီး အပြန်အလှန်တိုက်ခိုက်ကြသည်။ ကေအဲန်ယူဘက်မှ ဗိုလ်မှူးကြီးကစယ်ဒိုနှင့် ဗိုလ်မှူးကြီးကလဲ့စတုံးတို့ ဦးစီးပြီး ကေအဲန်ယူပီဘက်မှ ဗိုလ်မှူးကြီးဂျော့(ချ်)မှ ဦးစီးလျက်ရှိသည်။

**၁၉၇၄ ခုနှစ် ဇူလိုင်** - ရန်သူ မဆလ၏ တိုက်လေယာဉ်ငါးစီးက မိမိတို့ တပ်ဖွဲ့များအား ကျောက်ကြီးမြို့နယ်အတွင်း ချေမှုန်းတိုက်ခိုက်ရန်အတွက် ရောက်ရှိလာသည်၊ ယင်းလေယာဉ်အားလုံး တောင်နှင့်တိုက်မိပြီး ပျက်ကျခဲ့သည်။

**၁၉၇၄ခုနှစ်အောက်တိုဘာ**-ညီညွတ်ရေးအတွက်ကေအဲန်ယူနှင့်ကေအဲန်ယူပီ ခေါင်းဆောင်များညီညွတ်ရေးအတွက် **စောထာ**၌ တွေ့ဆုံဆွေးနွေးကြသည်။ ၎င်းတို့နှစ်ဖွဲ့စလုံး ညီညွတ်ရေးကို လိုလားသော ပြင်းပြသည့်စိတ်ဓာတ်ရှိပုံ မရပေ။ သဘောတူညီမှု အနည်းအကျဉ်းရှိသည်။ ရန်သူအား ပြန်လည်တိုက်ခိုက်ရန်အတွက် ဆက်သွယ်မှုနှင့် အပြန်အလှန်ကူညီကြရန် သဘောတူညီကြသည်။

**၁၉၇၄ ခုနှစ် အောက်တိုဘာလ (၈)ရက်-** (၉)ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်ကို **ပဟီလူ**စခန်း(မိုင်းလုံးကြီးမြစ်ကမ်း) ထိုင်းနိုင်ငံအတွင်း ပြုလုပ်ကျင်းပသည်။ ဥက္ကဋ္ဌ အဖြစ် မန်းဘဇန်၊ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်မြ၊ အထွေထွေအတွင်းရေးမှူး ဗိုလ်သန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မောင်မောင်၊ ဘဏ္ဍာရေး ဌာနမှူး ပဒိုဖူးလယ်ဝါး၊ သစ်တောဌာနမှူး ပဒိုသာပြည့်၊ ပညာရေး၊ ယဉ်ကျေးမှုဌာနမှူး ပဒိုဂေဒွဲ ၊ ပဒိုဘောယုဖော တို့ ဖြစ်သည်။

## (၂၆) အုပ်ချုပ်ရေး၊ စည်းရုံးရေး၊ စစ်ရေးလုပ်ငန်းများ ဖြစ်ထွန်း တိုးတက်လာခြင်း (၁၉၇၇-၈၃)

**၁၉၇၀ ခုနှစ် မှ ၁၉၈၃ ခုနှစ်** အထိ ကေအဲန်ယူမှ နယ်စပ်ဂိတ်များ ဖွင့်လှစ်ခဲ့သည်။ **စောထာ၊ သော်လဲထာ၊ မယ်လှဲ့တာ၊ မယ်သဝေါ၊ မော်ဖိုးကေ၊ မယ်တရိ၊ ကော်မူးရာ၊ ဖလူး၊ ဘုရားသုံးဆူ၊ နတ်အိမ်ထောင်၊ မိုးတောင်** စသည့် နယ်စပ်ဂိတ်များတွင် ကုန်သည်များ အများအပြားရောက်ရှိလာကြသည်။ ယင်းကြောင့် တော်လှန်ရေးလုပ်ငန်းများ တိုးတက် ဖြစ်ထွန်းလျက်ရှိသည်။

**၁၉၇၇ ခုနှစ်မတ်လ** - ကော်မူးရာဂိတ်ဟောင်းအား ရန်သူမှတိုက်ခိုက်သည်။ တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ပြီး မြဝတီမြို့မှနေ၍ ရန်သူမှ (၁၂၀)မမဖြင့် ကော်မူးရာအားလှမ်း၍ ပစ်ခတ်ခဲ့သည်။ ရှေ့တန်းစစ်မျက်နှာ မိမိတို့တပ်ဖွဲ့များကိုလည်း လက်နက်ကြီး လက်နက်ငယ်တို့ဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် ရန်သူထိုးစစ် မအောင်မြင်ဘဲ ဆုတ်ခွာသွားကြရသည်။

သစ်တောလုပ်ငန်းလည်း စတင်လည်ပတ်ပြီး ဝင်ငွေအများအပြားရရှိသည်။

ကေအဲန်အယ်လ်အေ၏ တပ်မဟာ၊ တပ်ရင်းများကလည်း စစ်ကြောင်းများ ဖွဲ့စည်းကာ တိုက်ပွဲကြီး တိုက်ပွဲငယ်နှင့် ပျောက်ကြားစစ်ပွဲများကို စစ်ဆင်တိုက်ခိုက် လာသည့်အတွက် ရန်သူအများအပြားကို ချေမှုန်းတိုက်ခိုက်လာခဲ့သည်။

**၁၉၈၀ ခုနှစ် စက်တင်ဘာ(၂၈)ရက်** - ရန်သူမှ **မယ်သဝေါ**ဂိတ်အား ထိုးစစ် ဆင် တိုက်ခိုက်ပြီး နယ်မြေများအတွင်းတွင်လည်း ရန်သူများလှုပ်ရှားလျက်ရှိသည်။

**၁၉၈၂ ခုနှစ် နိုဝင်ဘာ မှ ၁၉၈၃ ခုနှစ် ဇန်နဝါရီ - မာနယ်ပလော**တွင် ဗဟိုနိုင်ငံရေး သင်တန်းကို ဖွင့်လှစ်ခဲ့သည်။ သင်တန်းကျောင်းအုပ် ဖူးစကောလယ်တော နှင့် ဗဟိုခေါင်းဆောင်များက သင်တန်းဆရာများအဖြစ် ဆောင်ရွက်ပြီး ခရိုင်အားလုံးမှ ကိုယ်စားလှယ် သင်တန်းသားစုစုပေါင်း (၂၀၀)ကျော် တက်ရောက်ခဲ့ကြသည်။

**၁၉၈၃ ခုနှစ် အောက်တိုဘာ(၂၄)** - ကေအဲန်အယ်လ်အေတပ်က မြို့ကလေး ဘီလပ်မြေစက်ရုံရှိ ပြင်သစ်ဇနီးမောင်နှံ ၂ ယောက်အား သွားရောက်ဖမ်းဆီးခေါ်လာ ခဲ့ပြီးနောက် ၄င်းတို့သတင်းနှင့်ပတ်သက်ပြီး နိုင်ငံတကာသို့ ပျံ့နှံ့သွားခဲ့သည်။

**၁၉၈၃ ခုနှစ်** ကေအဲန်ယူက **မော်ဖိုးကေ**တွင် အသံလွှင့်ရုံ ဖွင့်လှစ်ခဲ့သည်။ ဦးစီးဦးဆောင်သူများမှာ ပဒိုစောတောနှင့် ပဒိုကလိုထူးတို့ ဖြစ်ကြသည်။

## (၂၇) နယ်စပ်ဂိတ်အားလုံးအား ရန်သူက စစ်ဆင်တိုက်ခိုက်(၁၉၈၄- ၈၇)

**၁၉၈၄ ခုနှစ် ဇန်နဝါရီလ (၃၁)ရက် -** ရန်သူက မယ်သဝေါဂိတ်ကို တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။ ကျန်နယ်စပ်ဂိတ်အများစုကိုလည်း ဤနှစ်အတွင်း ရန်သူက သိမ်းပိုက် ရရှိသွားသည်။

**၁၉၈၄ ခုနှစ် အောက်တိုဘာ (၁၆) ရက် -** ကော်မူးရာဂိတ်တိုက်ပွဲ အရှိန် ပြင်းထန်နေချိန် ဘင်္ဂလားဒေ့ရှ်မှ လေယာဉ်တစ်စင်း ဂိတ်ပေါ်တွင် ဖြတ်ပျံရာမှ အပစ်ချ ခံရသည်။ ယင်း လေယာဉ်တွင် လူအများအပြား ပါလာပြီး ဤလေယာဉ်သည် မူးယစ် ဆေးဝါး နှင့် ပတ်သက်မည်ဟု ခန့်မှန်းရသည်။

ဒုက္ခသည်များ ထိုင်းနိုင်ငံသို့ ဝင်ရောက်ခိုလှုံကြသည်။ **ရှီးကလိုး၊ ခလယ်ခို၊ တောနော်၊ လယ်ပေါ်ဟဲ၊ ဟွေးခလုတ်**တို့တွင် ဒုက္ခသည်စခန်းများ ဖြစ်ပေါ်လာသည်။

ကေအဲန်ယူ၏ ရှေ့တန်းတပ်များ လှုပ်ရှားမှုအားနည်းလာခဲ့သည်။ များသော အားဖြင့် နောက်တန်းသို့ ပြန်လည်ရောက်ရှိလာပြီး နယ်စပ်ဂိတ်များ၏ လုံခြုံရေးကို တာဝန်ယူကြရသည်။

**၁၉၈၄ ခုနှစ်** - ကေအဲန်ယူအသံလွှင့်စက်ရုံအား မော်ဖိုးကေမှ အခြားနေရာ သို့ ပြောင်းရွှေ့ခဲ့သည်။

**ဖေဖော်ဝါရီ(၂၀)ရက်** - ရန်သူက မော်ဖိုးကေဂိတ်စခန်းအား တိုက်ခိုက် သိမ်းပိုက်လိုက်သည်။

**၁၉၈၄ ခုနှစ်** အတွင်း ရန်သူက **ကော်မူးရာ**ဂိတ်အား ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့သည်။ ထိပ်တိုက်စစ်ဆင် တိုက်ခိုက်ရာတွင် အောင်မြင်ခြင်း မရှိသဖြင့် သောင်ရင်း မြစ်အား ဖြတ်ကူးပြီး ထိုင်းနိုင်ငံဘက် ကျူးကျော်ပတ်ဝင်ကာ နောက်ကျော ဘက်မှ ထွက်တိုက်လာသည်။ တစ်နေကုန် တိုက်ပွဲအကြိမ်ကြိမ်ဖြစ်ပွားခဲ့ပြီး မိမိတို့မှ ရန်သူ့လက်နက် အများအပြား ရရှိခဲ့သည်။

## (၂၈) ၁၉၈၈ ဗမာပြည် ပြည်သူလူထုတို့၏ ဒီမိုကရေစီအခွင့်အရေး တောင်းဆိုမှု

**ဇွန်လ ၁၉၈၈ ခုနှစ်** - ကေအဲန်ယူ၊ NMSP တို့ ဘုရားသုံးဆူဂိတ်တွင် တိုက်ပွဲ ဖြစ်သည်။ ၈ . ၈ . ၁၉၈၈ (၈လေးလုံး ပြည်သူလူထု) သံဃာတော်များ၊ လူတန်းစား ပေါင်းစုံ တို့မှ ဗမာပြည်တွင်း ဒီမိုကရေစီတောင်းဆိုမှု အုံကြွခဲ့သည်။

ဆန္ဒပြပွဲဖြစ်ပွား(တစ်ပြည်လုံးအတိုင်းအတာ)ခဲ့ရာ နဝတ စစ်အစိုးရက ကျောင်းသားလူငယ်၊ ပြည်သူလူထု၊ သံဃာတော်များ အများအပြားကို ပစ်ခတ် သတ် ဖြတ်ခဲ့သည်။ မဆလပါတီ ပြိုကွဲကျဆုံးပြီး နေဝင်း၊ စိန်လွင်၊ မောင်မောင် အစိုးရ သုံးဆက် ပြုတ်ကျခဲ့သည်။ **စက်တင်ဘာ (၁၈)ရက်** ဗိုလ်စောမောင်၊ ဗိုလ်ခင်ညွှန့် တို့ အာဏာ သိမ်းပြီး နဝတစစ်အစိုးရ ဖြစ်လာသည်။

ကျောင်းသားလူငယ်များနှင့် ဒီမိုကရေစီအဖွဲ့များ လက်နက်ကိုင် တော်လှန် ရေး နယ်မြေများသို့ ထွက်ပြေးရောက်ရှိလာကြသည်။ မိမိတို့ ကေအဲန်ယူမှ ၎င်းတို့အား ကြိုဆိုလက်ခံကာ ၎င်းတို့ကို နည်းပေါင်းစုံ ထောက်ပံ့ကူညီပေးခဲ့သည်။

**နိုဝင်ဘာလ (၁၈) ရက် ၁၉၈၈ ခုနှစ်** - DAB အဖွဲ့အား **မဲတရိ**တွင် ဖွဲ့စည်းထူထောင်ခဲ့သည်။ ရည်ရွယ်ချက်မှာ လူမျိုးစုများနှင့် ဒီမိုကရေစီအင်အားစုများ ပူးပေါင်းပြီး စစ်အာဏာရှင်အစိုးရအား အပြုတ်တိုက်ရေး၊ ဒီမိုကရေစီစနစ်ဖြစ်ထွန်းလာရေး၊ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးပင်ဖြစ်သည်။ DAB တွင် အသင်းဝင်ပေါင်း အဖွဲ့(၂၀)ပါဝင်သည်။

## (၂၉) နိုင်ငံရေးလှုပ်ရှားမှု ပြင်းထန်လာခြင်းနှင့် ၁၀ ကြိမ်မြောက် ကေအဲန်ယူ ကွန်ဂရက်

ဗမာပြည်ရှိ နိုင်ငံအဖွဲ့အများအပြားသည် **မာနယ်ပလော**တွင် ၎င်းတို့၏ ဌာနချုပ်ကို ထားရှိလာ သည်။ မဟာမိတ်အဖွဲ့များ ဖြစ်ထွန်းတိုးတက်လာသည်။

ရန်သူမှ နယ်စပ်တစ်လျှောက်ရှိ ဂိတ်ကြီးများအား စစ်ဆင်တိုက်ခိုက်လာသည်။ ပြည်တွင်းရှိ ဒေသအတော်များများကိုလည်း စစ်ဆင်တိုက်ခိုက်လာသည်။ ဂိတ်များ တစ်ခုပြီးတစ်ခု ရန်သူလက်တွင်းသို့ ကျဆုံးသွားခဲ့ရသည်။

**၁၉၈၉ ခုနှစ် ဧပြီ (၅) ရက်** - KWO ကို မာနယ်ပလောတွင် ပြန်လည်ဖွဲ့စည်းခဲ့သည်။

**၁၉၈၉ ခုနှစ် မေ(၂၃) ရက်** - KYO ကိုလည်း မာနယ်ပလောတွင် ပြန်လည်ဖွဲ့စည်းခဲ့သည်။

**၁၉၉၀ ခုနှစ် မေ(၂၇) ရက်** - ဗမာပြည် ပြည်လုံးကျွတ်ရွေးကောက်ပွဲ ကျင်းပသည်။

ဤရွေးကောက်ပွဲကြီးတွင် NLD က (၈၂) ရာခိုင်နှုန်း အနိုင်ရရှိပြီး SNLD သည် ဒုတိယ အနိုင်ရရှိသည့်အဖွဲ့ ဖြစ်သည်။ နဝတက အနိုင်ရရှိသည့် နိုင်ငံရေးပါတီထံ အာဏာ အပ်နှင်းခြင်းမပြုဘဲ ပြည်သူ့ လွှတ်တော် ခေါ်ဆိုရေးအတွက်လည်း ပိတ်ပင်တားဆီး ခဲ့သည်။

နအဖက ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား နည်းမျိုးစုံ ချုပ်ခြယ် တားမြစ်ခဲ့သည့်အတွက် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ မာနယ်ပလော ကရင့်တော်လှန်ရေးဌာနသို့ ထွက်ပြေးရောက်ရှိလာကြသည်။

**၁၉၉၀ ခုနှစ် ဒီဇင်ဘာ(၁၈)** - ဦးစိန်ဝင်း ဦးစီးသည့် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များက **မာနယ်ပလော**တွင် NCGUB အစိုးရကို ဖွဲ့စည်းထူထောင်ခဲ့ရာ ကေအဲန်ယူက ၎င်းတို့ကို အားပေးထောက်ခံခဲ့သည်။

## ကေအဲန်ယူ (၁၀)ကြိမ်မြောက်ကွန်ဂရက်

**၁၉၉၁ ခုနှစ် နိုဝင်ဘာ(၁၈)ရက်မှ ဒီဇင်ဘာလ (၃၀)ရက်** အထိ **မာနယ်ပလော**တွင် ပြုလုပ်ကျင်းပသည်။ ဤကွန်ဂရက်တွင် ဗိုလ်ချုပ်မြအား ဥက္ကဋ္ဌ၊ ပဒိုသန်းအောင် အား ဒုဥက္ကဋ္ဌ၊ ပဒိုဘသင်အား အထွေထွေအတွင်းရေးမှူး၊ တွဲဖက် အထွေထွေအတွင်း ရေးမှူးများအဖြစ် ပဒိုစံလင်းနှင့် ဗိုလ်ချုပ်မောင်မောင်၊ ပညာရေး ယဉ်ကျေးမှုတာဝန်ခံ ပဒိုရွှေယာဟဲ၊ သစ်တောဌာန ပဒိုအောင်ဆန်း၊ စိုက်ပျိုးရေး ပဒိုစိုးအောင်၊ နိုင်ငံခြားရေး ဒေါက်တာမာတာ၊ အခွန်ဘဏ္ဍာ ပဒိုကလိုထူး၊ စည်းရုံးရေးဌာန ပဒိုကော်စိုး စသဖြင့် ရွေးချယ်တင်မြှောက်ကြသည်။

**၁၉၉၂ ခုနှစ် ဇန်နဝါရီလ (၁)ရက်** – နဝတက ခွေးအိပ်တောင်စခန်းအား တိုက်ပွဲကြီးဖြင့် စစ်ဆင်တိုက်ခိုက်(မာနယ်ပလောအနီး စခန်းဖြစ်)ခဲ့သည်။

## (၃၀) နဝတက ကေအဲန်ယူနှင့် အပစ်ခတ်ရပ်စဲလိုက်သောအခါ ဒီကေဘီအေ ဖြစ်ပေါ်လာ

**၁၉၉၃ ခုနှစ်** နှစ်ဆန်းတွင် နဝတမှ အင်ဒရူးမြဟန်အား ကေအဲန်ယူ နှင့် လာရောက်တွေ့ဆုံရန် စေလွှတ်လိုက်သည်။ ကေအဲန်ယူအနေဖြင့် နဝတနှင့် သွားရောက်တွေ့ဆုံပြီး ငြိမ်းချမ်းရေးအတွက်ဆွေးနွေးရန် ဖြစ်သည်။

**၁၉၉၃ ခုနှစ် ဇန်နဝါရီလ** – ဒုက္ခသည်များအား ကူညီရန်အတွက် KORD အားဖွဲ့စည်းလိုက်သည်။ **၁၉၉၃ ခုနှစ် မေလ (၃) ရက်** မြိုင်ကြီးငူဆရာတော်က ရှေ့တန်းရှိ ကေအဲန်ယူ ရဲဘော်များအတွင်း ဝင်ရောက်လှုပ်ရှားခဲ့သည်။ ဘာသာ သာသနာရေးသာ ဆောင်ရွက်ရန်နှင့် တော်လှန်ရေးလုပ်ငန်းနှင့် မပတ်သက်စေရန် ဟောကြားလှုံ့ဆော်သည်။

**၁၉၉၃ ခုနှစ်** အတွင်း နအဖက ကေအဲန်ယူနှင့် အပစ်ခတ်ရပ်စဲကြောင်း ထုတ်ပြန်သဖြင့် အချို့ဒေသတွင် အတိုက်အခိုက်များ ရပ်စဲခဲ့သည်။ နယ်မြေအတွင်း စစ်ရေး တိုက်ခိုက်မှုများအား ရပ်စဲခဲ့ပြီး ရန်သူသည် ကော်မူးရာဂိတ်အား လက်နက်ကြီး

ဖြင့် တိုက်ခိုက်မှု မပြုလုပ်တော့ပေ။

ဒေသအတော်များများတွင် အပစ်ခတ်ရပ်စဲနိုင်ခဲ့သည်။ သို့ရာတွင် ပျောက်ကြား စစ်ပွဲငယ်နှင့် တွေ့ဆုံတိုက်ပွဲများ ကြိုကြားကြိုကြားဖြစ်ပွားလျက်ရှိသေးသည်။

**ဒီဇင်ဘာ ၁၉၉၄ ခုနှစ်** တွင် ဒီကေဘီအေဖြစ်ပေါ်လာပြီး သောင်ရင်းမြစ်တွင် တိုက်ပွဲများဖြစ်ပွားသည်။

မြိုင်ကြီးငူဆရာတော်က ရန်သူ နအဖနှင့် ဆက်သွယ်ပြီး ရန်သူက ၎င်းအား ဒီကေဘီအေတပ်ကို ဖွဲ့စည်းပေးလိုက်သည်။ ယင်းတပ်သည် ရန်သူအားလမ်းပြပြီး မာနယ်ပလောကို ပြန်လည်တိုက်ခိုက်သည်။

## (၃၁) ၁၁ ကြိမ်မြောက် ကေအဲန်ယူ ကွန်ဂရက်၊ မယ်သရောထာ ၁၉၉၅ ခုနှစ်

**၁၉၉၅ ခုနှစ် ဇန်နဝါရီ(၂၇) ရက်** - ဒီကေဘီအေ၏ အကူအညီဖြင့် မာနယ်ပလောကို ရန်သူသိမ်းပိုက်ရရှိသွားသည်။

**၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ (၉) ရက်** – ဒီကေဘီအေက ပဒိုမန်းရင်စိန်နှင့် အဖွဲ့သားများအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

**၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ (၂၀)ရက်** - ရန်သူက ကော်မူးရာကို စစ်ဆင်တိုက်ခိုက်ခဲ့သည်။ လက်နက်ကြီးများဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ပြီး နောက်ဆုံးတွင် ကော်မူးရာ ကျသွားခဲ့သည်။

**၁၉၉၅ ခုနှစ် ဧပြီလ** - ရန်သူက ကော်မူးရာတွင် ၎င်းတို့၏ ကျဆုံးသောရဲဘော်များအား သပိတ်သွပ်အခမ်းအနားကျင်းပခဲ့သည်။ ၁၉၈၄ - ၉၅ အထိ ရန်သူမှ ကျဆုံး စုစုပေါင်း (၄၃၀၀)ကျော် ရှိခဲ့သည်။

ဗဟိုနှင့် စစ်ဦးစီးဌာနချုပ် အသီးသီးကို ဒူးပလာယာခရိုင် **ကနဲလေး၊ ဂေါ်လေးခီး၊ ထီးကပလယ်၊ ထီးဟော်ခီး**(ရွာသစ်) စသည့်နေရာများသို့ ပြောင်းရွှေ့သည်။

**၁၉၉၅ ခုနှစ် ဧပြီ (၂၅)** – နဝတတပ်ခွဲနှင့် ဒီကေဘီအေတို့ ပူးပေါင်းပြီး **မယ်ရမိုး**စခန်းနှင့် **ကော်နော်**စခန်းတို့အား ဝင်ရောက် မီးရှို့ဖျက်ဆီးခဲ့သည်။

**၁၉၉၅ ခုနှစ် မတ်လ** - ရန်သူက ဒူးပလာယာခရိုင် **ကနဲလေး**စခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ဗဟို၊ စစ်ဦးစီးဌာနများ **ဝေါ်လေခီး** သို့ ပြောင်းရွှေ့ခဲ့သည်။

**၁၉၉၅ ခုနှစ် ဧပြီလ** - တပ်မဟာ (၅) အား **ဝေါ်လေခီး**တွင် ပြန်လည်စည်းရုံး ဖွဲ့စည်းခဲ့ပြီး တပ်ရင်း(၁၀၁)၊ (၁၀၂)၊ (၁၀၃) စုစုပေါင်း (၃)ရင်း ဖြစ်လာသည်။

**၁၉၉၅ ခုနှစ် ဧပြီ** - ရန်သူက ဝေါ်လေခီးအား တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး ဗဟို စစ်ဦးစီး ဌာနများကို **ထီးကပလယ်**နှင့် **ထီးဟော်ခီး**(ရွာသစ်)သို့ ပြောင်းရွှေ့ခဲ့သည်။

**၁၉၉၅ ခုနှစ် ဇူလိုင်လ** - (၁၁)ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်ကို ဒူးပလာယာခရိုင် **မယ်သရောထာ**တွင် ပြုလုပ်ကျင်းပခဲ့သည်။ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်မြ၊ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ရွှေဆိုင်၊ အထွေထွေအတွင်းရေးမှူး ပဒိုဘသင်၊ တွဲဖက်(၁) ပဒိုမန်း ရှာလား ဖန်၊ တွဲဖက်(၂) ပဒိုထူးထူးလေးတို့နှင့် ဌာနဆိုင်ရာခေါင်းဆောင်များကို ရွေးချယ် တင်မြှောက်ခဲ့သည်။

နဝတမှ ကိုယ်စားလှယ်များစေလွှတ်ပြီး တွေ့ဆုံဆွေးနွေးရေးအတွက် ကေအဲန်ယူ ခေါင်းဆောင်များနှင့် လာရောက်တွေ့ဆုံခဲ့သည်။ နဝတကိုယ်စားလှယ်များမှာ ဦးခွန်မြတ်၊ ဦးထွန်းအောင်ချိန်၊ ဦးအေးစိုးမြင့်တို့ဖြစ်ကြသည်။ ကေအဲန်ယူမှ နဝတနှင့် သွားရောက်ဆွေးနွေးရန်ဖြစ်သည်။

**၁၉၉၅ ခုနှစ် ဒီဇင်ဘာ (၁၃)ရက်** - ကေအဲန်ယူ ဗဟိုကိုယ်စားလှယ်များအဖြစ် ပဒိုခလီစေး၊ ဗိုလ်နေစိုး၊ ပဒို မန်းစတီးလှတို့ ပထမဦးဆုံးအကြိမ် နအဖနှင့် သွားရောက် တွေ့ဆုံဆွေးနွေးသည်။

## (၃၂) ကေအဲန်ယူကိုယ်စားလှယ်များ နအဖနှင့်သွားရောက်တွေ့ဆုံ (၁၉၉၆)

**ဖေဖော်ဝါရီ (၁၅)ရက်** – ကေအဲန်ယူကိုယ်စားလှယ်များဖြစ်ကြသည့် မန်းရှာလားဖန်၊ ပဒိုအောင်ဆန်းနှင့်အဖွဲ့သားများ နအဖနှင့်သွားရောက်တွေ့ဆုံပြီး အပစ်ခတ်ရပ်စဲရေးအတွက် ဆွေးနွေးကြသည်။

**ဇွန်လ (၂၆) ရက်-** ကေအဲန်ယူကိုယ်စားလှယ်များဖြစ်ကြသည့် ပဒိုမန်းရှာလားဖန်၊ ဗိုလ်ချုပ်မောင်မောင်နှင့်အဖွဲ့သားများ နအဖနှင့် ထပ်မံတွေ့ဆုံသည်။

**နိုဝင်ဘာလ (၂၀) ရက်** - ကေအဲန်ယူ ကိုယ်စားလှယ်အဖွဲ့များဖြစ်ကြသည့် ဗိုလ်ချုပ်တာမလာဘော၊ ပဒိုမန်းရှာလားဖန်းနှင့် အဖွဲ့သားများ နအဖနှင့် ထပ်မံသွားရောက် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတိုင်း နအဖမှ ကေအဲန်ယူလက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရေး၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ရေး စသည်များကိုသာ ဆွေးနွေးသည်။ ဤအချက်များနှင့် ပတ်သက်ပြီး ကေအဲန်ယူမှ လက်ခံနိုင်ခြင်း မရှိသဖြင့် တွေ့ဆုံ ဆွေးနွေးပွဲလည်း ပျက်စီးသွားသည်။

## (၃၃) တွေ့ဆုံဆွေးနွေးပွဲ ပျက်စီးသွားပြီးနောက် နအဖမှ ပြန်လည် ထိုးစစ်ဆင် တိုက်ခိုက်လာခြင်း (၁၉၉၇-၉၉)

**၁၉၉၇ ခုနှစ်** တွင် ပြည်တွင်းဒုက္ခသည်များအား ကူညီရန်အတွက် CIDKP ကို ဖွဲ့စည်းသည်။

**၁၉၉၇ ခုနှစ် ဇန်နဝါရီလ (၇)ရက် - မယ်သရောထာ**တွင် လူမျိုးစုများ အစည်းအဝေးကို ပြုလုပ်ကျင်းပပြီး မယ်သရောထာ သဘောတူညီချက်ကို ချုပ်ဆိုကြသည်။ မယ်သရောထာ သဘောတူညီချက်မှာ ဒီမိုကရေစီလှုပ်ရှားမှုကို အားပေးထောက်ခံကြရန်ဖြစ်သည်။

**၁၉၉၇ ခုနှစ် ဇန်နဝါရီ (၂၀)ရက်** - ဒီကေဘီအေနှင့် နအဖတပ်များ ပူးပေါင်းပြီး **မယ်လ**စခန်းကို ဝင်ရောက် မီးရှို့ဖျက်ဆီး၊ လက်နက်ကြီးနှင့် ပစ်ခတ်သဖြင့် လူတစ်ဦး သေဆုံးခဲ့သည်။

**၁၉၉၇ ခုနှစ် ဇန်နဝါရီလ** - ဒီကေဘီအေနှင့် နအဖတပ်များ **မောကဲ**စခန်းအား ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့သည်။

**၁၉၉၇ ခုနှစ် ဇန်နဝါရီလ (၃၁)ရက်** - ကရင့်တော်လှန်ရေးအား ဂုဏ်ပြုသည့် အခမ်းအနားကို **ထီးကပလယ်**တွင် ပြုလုပ်ကျင်းပသည်။ နအဖ ဦးခွန်မြနှင့်အတူ ကရင် လူကြီးအချို့ကို ရွေးချယ်စေလွှတ်ပြီး ကေအဲန်ယူနှင့် နအဖ နောက်ထပ်တစ်ဖန် ပြန်လည်တွေ့ဆုံဆွေးနွေးရန် ပြောဆိုသည်။

ကရင့်တော်လှန်ရေးနေ့ အခမ်းအနားကျင်းပပြီးနောက် နအဖက တင်ပြလာ

သည့် အချက်များကို ကေအဲန်ယူမှ သဘောတူလက်ခံနိုင်ခြင်း မရှိသဖြင့် တွေ့ဆုံ ဆွေးနွေးပွဲ ပျက်သုဉ်းခဲ့ရပြန်သည်။ ယင်းနောက် နအဖသည် ကေအဲန်ယူနယ်မြေ တခွင်တပြင်လုံး (ခရိုင်နှင့်တပ်မဟာအားလုံး) ပါဝင်သည့်ဒေသကို အကျယ်အပြန့် ထိုးစစ်ဆင်တိုက်ခိုက်လာပြန်သည်။ နယ်မြေအတွင်း ရက်စက်မှုအမျိုးမျိုးကို ကျူးလွန်ခဲ့သည်။

**၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ (၁၃)ရက်** - ရန်သူက **ထီးပော်ခီး၊ သဝေါ်သော**(ဗဟို)နှင့် **ထီးကပလယ်**(ဗဟို) နေရာများအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။

**၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ (၂၅)ရက်** – သမူဟဲနှင့် ၎င်း၏နောက်လိုက်အချို့ ရန်သူ့ထံ အညံ့ခံသွားသည်။ နအဖ ဗိုလ်ချုပ်မောင်အေးမှ လက်နက်ချအခမ်းအနားတွင် ကရင်အမျိုးသားအလံတော်ကို မြေချ တက်နင်းခဲ့သည်။

**၁၉၉၇ ခုနှစ် မတ်လ** - ဒူးပလာယာခရိုင်အတွင်း ပြည်သူလူထု ဒုက္ခသည်များအဖြစ် ထိုင်းနိုင်ငံသို့ ထွက်ပြေးရောက်ရှိလာသည်။ **နို့ဖိုး**ဒုက္ခသည်စခန်း ဖြစ်လာပြီး ၎င်းတို့ ယင်းစခန်းတွင် ဝင်ရောက်ခိုလှုံခဲ့ကြသည်။

**၁၉၉၇ ခုနှစ် မတ်လ (၃)ရက်** - ဂျော်နီထူး၊ လူသာထူးတို့၏ ဘုရားသခင်တပ် (God Army) မြိတ် ထားဝယ် ခရိုင်ဖက်တွင် ဖြစ်ပေါ်လာသည်။ ရန်သူဖိနှိပ်မှု ပြင်းထန်လာသည့်အပေါ် ယခုကဲ့သို့ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

**၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလ (၁၁)ရက်** - ဒီကေဘီအေနှင့် နအဖတပ်များ ပူးပေါင်းကြပြီး **ဟွေးခလုတ်** စခန်းအား ဒုတိယအကြိမ် ဝင်ရောက် မီးရှို့ဖျက်ဆီးခဲ့သည်။ လူ (၅)ဦး သေပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြသည်။

**၁၉၉၈ ခုနှစ် ဧပြီ (၆)ရက်** – ပဒိုအောင်ဆန်းမှ ဦးစီးပြီး ၎င်း၏မိသားစု၊ ၎င်း၏နောက်လိုက် စစ်သားအချို့အပါအဝင် ကျောင်းသားလူငယ် စုစုပေါင်း (၂၈၀) ယောက် **မယ်ဝေထာ**စခန်းမှနေပြီး ရန်သူ့ထံပြန်၍ အညံ့ခံ လက်နက်ချသွားသည်။ စစ်လက်နက်ပစ္စည်း အများအပြား ပါသွားသည်။

**၁၉၉၈ ခုနှစ် ဒီဇင်ဘာ (၁၄)ရက်** - လူမျိုးစုများ၏ စည်းလုံးညီညွတ်ရေး အစည်းအဝေး ပြုလုပ်ကျင်းပခဲ့ပြီး **သူးမွဲကလိုး** သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

**၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ** – **မယ်ရယ်၊ ကလိုပါ** စခန်းများ **မယ်ရမို** စခန်းသို့ ပြောင်းရွှေ့ခဲ့သည်။

**၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ** – **ဟွေးခလုတ်**စခန်းကို **အုန်းဖျံ**စခန်းသို့ပြောင်းရွှေ့

ခဲ့သည်။

**၁၉၉၉ ခုနှစ် အောက်တိုဘာ (၁) ရက်** – ဘန်ကောက်ရှိ ဗမာသံရုံးအား Vigorous ကျောင်းသားအဖွဲ့မှ ဝင်ရောက်စီးနင်းသိမ်းပိုက်ခဲ့ကြသည်။

**၁၉၉၉ ခုနှစ် ဒီဇင်ဘာ** – ကရင်အမျိုးသားစည်းလုံးညီညွတ်ရေး အစည်းအဝေး (Karen Unity Seminar) ကို ခေါ်ယူကျင်းပခဲ့သည်။ ကေအဲန်ယူက ဒူးပလာယာ ခရိုင်အတွင်း ပထမအကြိမ် ဦးစီးကျင်းပခဲ့ခြင်းဖြစ်သည်။

## (၃၄) ၁၂ ကြိမ်မြောက် ကေအဲန်ယူ ကွန်ဂရက်

နအဖမှ ကေအဲန်ယူအား အဆက်မပြတ် ထိုးစစ်ဆင်သည်။ နယ်မြေအားလုံး အတွင်းရှိ ပြည်သူများကိုလည်း ရက်ရက်စက်စက် နှိပ်ကွပ်လျက်ရှိသည်။

**ဒီဇင်ဘာလ** - ၁၂ ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်ကို ဖားအံခရိုင်၊ **လေးဝါး** စခန်းတွင် ပြုလုပ်ကျင်းပခဲ့ပြီး ပဒိုဘာသင်ကို ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ကြသည်။ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်မြ၊ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလားဖန်း၊ တွဲဖက်အတွင်းရေးမှူး (၁) ပဒိုထူးထူးလေး၊ တွဲဖက်အတွင်းရေးမှူး (၂) ပဒိုဒေးဗစ်သာကပေါ် တို့ကိုလည်း ဤကွန်ဂရက်မှ ရွေးချယ်တင်မြှောက်ကြသည်။

**၂၀၀၃ ခုနှစ် မေလ (၃၀) ရက်** – နအဖက ဒေါ်စု၊ ဦးတင်ဦးနှင့် ၎င်းတို့၏ ဒီမိုကရေစီ အဖွဲ့သားများကို ဒီပဲယင်းတွင် ရက်ရက်စက်စက် အကြမ်းဖက် ဖိနှိပ် နှိပ်ကွပ်သည်။ ဒီမိုကရေစီလိုလားသူ အများအပြား သေဆုံးကြရသည်။

ရာဇာလီအစ္စမေးလ်မှ နအဖနှင့်ဒေါ်စု တွေ့ဆုံဆွေးနွေးရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ သို့သော် ၎င်း၏ကြိုးပမ်းမှု အထ မမြောက်ပါ။

## (၃၅) ကေအဲန်ယူ (၁၃)ကြိမ်မြောက် ကွန်ဂရက်ကို ၂၀၀၄ ခုနှစ် အတွင်း ဖားအံခရိုင် လေးဝါးစခန်းတွင် ကျင်းပ

**ဇန်နဝါရီလ** – ဗိုလ်ချုပ်မြနှင့် ဗဟိုခေါင်းဆောင်အချို့ အပစ်ခတ်ရပ်စဲရေး အတွက် နအဖနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ နှုတ်ကတိဖြင့် အပစ်ခတ် ရပ်စဲရန် သဘောတူညီချက်ရရှိခဲ့သည်။

**ဧပြီလ (၂၃)ရက်** – ပဒိုထူးထူးလေးနှင့်အဖွဲ့ အပစ်ခတ်ရပ်စဲရေးအတွက် နအဖနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

**အောက်တိုဘာ** – ပဒိုထူးထူးလေးနှင့်အဖွဲ့ နအဖနှင့်သွားရောက်ဆွေးနွေးစဉ် ဗိုလ်ချုပ်ခင်ညွှန့်နှင့် ၄င်း၏ ထောက်လှန်းရေးအဖွဲ့ တစ်ခုလုံး အရေးယူခံကြရသည်။

**၂၀၀၄ နိုဝင်ဘာ (၁၈)ရက်မှ ဒီဇင်ဘာ (၈)ရက်နေ့အထိ** - ကေအဲန်ယူ၏ (၁၃)ကြိမ်မြောက်ကွန်ဂရက်ကို **လေးဝါး**စခန်းတွင် ပြုလုပ်ကျင်းပသည်။ ဥက္ကဋ္ဌ ပဒိုဘသင်၊ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်မြ၊ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလားဖန်း၊ တွဲဖက်အတွင်း ရေးမှူး (၁) ပဒိုထူးထူးလေး၊ တွဲဖက်အတွင်းအရေးမှူး (၂) ပဒိုဒေးဗစ်သာကပေါ်နှင့် ဌာနဆိုင်ရာခေါင်းဆောင်အသီးသီးတို့ကို ရွေးကောက်တင်မြှောက်ကြသည်။

UNHCR ၏ ဒုက္ခသည်များအား နိုင်ငံရင်းသို့ ပြန်ပို့ရေး အစီအစဉ်မှာ မဖြစ် နိုင်တော့သဖြင့် ဒုက္ခသည်များအား တတိယနိုင်ငံသို့ သွားရောက်အခြေချရေး အစီ အစဉ်ကို ဖွင့်လှစ်ပေးလိုက်ရာ ဒုက္ခသည်အများအပြား သွားရောက်နေထိုင်ကြရန် တင် လျှောက်ကြသည်။

**၂၀၀၅ ခုနှစ်** ကရင်ဒုက္ခသည်များ တတိယနိုင်ငံသို့ သွားရောက်ကြလေပြီ။

ဒုက္ခသည်အများအပြား တတိယနိုင်ငံသို့ သွားရောက်နေထိုင်ကြရန် တင် လျှောက်ကြရာ အချို့သွားရောက်နေထိုင်ခွင့် ရရှိသွားကြပြီ ဖြစ်သည်။ နော်ဝေ၊ ဆွီဒင်၊ အင်္ဂလန်၊ အမေရိကန်၊ ကနေဒါ၊ ဖင်လန်၊ နယူးဇီလန်၊ ဩစတေးလျ၊ နယ်သာလန်၊ ဒိန်းမတ်၊ နိုင်ငံ (၁၀)က ၄င်းတို့အား လက်ခံကြသည်။

**၂၀၀၅ ခုနှစ်** ကာလတွင် လူမျိုးစုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးကြပြီး ENC ကို ဖွဲ့စည်းလိုက်ကြသည်။

## (၁၆) ဗိုလ်ချုပ်မြ ကွယ်လွန်သွားခြင်း

**ဇန်နဝါရီလ ၂၀၀၆ ခုနှစ်** – နအဖ ဗဟိုဌာနချုပ် ပျဉ်းမနားသို့ ပြောင်းရွှေ့ ခဲ့သည်။ တောင်ငူ၊ ညောင်လေးပင်ခရိုင်၊ ဖာပွန်ခရိုင်များအတွင်းသို့ ၄င်းတို့၏တပ်များ အများအပြား ပို့ဆောင်ပြီး ပြည်သူလူထုများအား အကြီးအကျယ် ဖိနှိပ်စော်ကား အနိုင်ကျင့်လျက်ရှိသည်။

နိုင်ငံတကာအသိုင်းအဝိုင်းများက ဗမာပြည်အကြောင်း၊ ကရင့်လှုပ်ရှားမှု အကြောင်း ပိုမိုပြောဆိုလာကြပြီး ဗမာပြည် ပြဿနာနှင့် ပတ်သက်၍ UNSC မှ ဆွေး နွေးရန် အစီအစဉ်ရှိလာသည့်အထိဖြစ်နေ။

**၂၀၀၆ ခုနှစ် ဩဂုတ်လ** - မြိုင်ကြီးငူဆရာတော်နှင့် ၎င်း၏လူတစ်စု၊ ကြားလူ ဆရာဝန်အဖွဲ့တစ်ဖွဲ့တို့က နအဖနှင့်ဆွေးနွေးစီစဉ်ပြီး ဗိုလ်ချုပ်မြအား ရန်ကုန်တွင် သွား ရောက်ဆေးကုသရန် စီစဉ်ခဲ့သည်။ ဗိုလ်ချုပ်မြမှ လက်မခံဘဲ ငြင်းပယ်ခဲ့သည်။

ဗမာပြည်ကိစ္စ UNSC တွင် ဆွေးနွေးကြရန် အစီအစဉ်ကို တရုတ်နှင့် ရုရှ တို့က ဗီတိုအာဏာဖြင့်ပယ်ချခဲ့သည်။

**၂၀၀၆ ခုနှစ် ဒီဇင်ဘာ(၂၄) ရက်** - ဗိုလ်ချုပ်မြကွယ်လွန်သွားသည်။

**၂၀၀၆ ခုနှစ် ဒီဇင်ဘာ (၂၆) ရက်** - ဗိုလ်ချုပ်၏ ဈာပနမြေမြှုပ်သင်္ဂြိုလ်မှုကို **မူအေးပူ**စခန်းတွင် ပြုလုပ်ကျင်းပခဲ့သည်။ နအဖ ထောက်လှမ်းရေး ဗိုလ်မှူး မြတ်ထွန်းဦး လည်း ရောက်ရှိလာပြီး လွမ်းသူ့ပန်းခွေချခဲ့သည်။

၂၀၀၆ ခုနှစ် အတွက် ကရင်ဒုက္ခသည်များ တတိယနိုင်ငံသို့ ပြောင်းရွှေ့နေထိုင် ကြသည့် ဦးရေမှာ **ထမ်းဟင်** -၂၀၉၄ ယောက်၊ **ဘမ်းဒုံယမ်း** - ၄၀၀ ယောက်၊ **နို့ဖိုး** - ၄၀၀ ယောက်၊ **မယ်လ** - ၄၀၀ ယောက်၊ **အုန်းဖျံ** - ၂၀၈ ယောက်၊ **မယ်လဦး** - ၇၀၀ ယောက်၊ **မယ်ရာမို** - ၂၆၁ ယောက်၊ စုစုပေါင်း ၄၅၁၉ ယောက် ရှိပြီဖြစ်သည်။

## (၁၇) ဗိုလ်ထင်မောင် နအဖထံ သွားရောက်ပြီး ငြိမ်းချမ်းရေး ဆောင်ရွက် (၂၀၀၇)

**ဇန်နဝါရီလ (၃)ရက်** - တပ်မဟာမှူးဟောင်း ဗိုလ်ထင်မောင်နှင့် ၎င်း၏ စစ်သားအချို့ နအဖနှင့် သွားရောက်တွေ့ဆုံပြီး ငြိမ်းချမ်းရေး ပြုလုပ်သည်။ ကေအဲန်ယူ ဗဟို၏ အစီအစဉ်ကို လက်မခံဘဲ ၎င်း၏တစ်ဦးတည်းဆန္ဒဖြင့်သာ သွားရောက် ဆောင် ရွက်ခြင်း ဖြစ်သည်။

**ဇန်နဝါရီလ** – UNHCR ကိုယ်စားလှယ်များက အမေရိကန်ပြည်နှင့် အခြား တတိယနိုင်ငံသို့ သွားရောက်မည့် ဒုက္ခသည်များအား ဝင်ရောက်စစ်ဆေးခဲ့ကြသည်။ ဒုက္ခသည်အများစုမှာ အမေရိကန်ပြည်သို့ သွားရောက်ကြသည်။

**ဖေဖော်ဝါရီ (၁၁)ရက်** – နအဖမှ ဗိုလ်ထင်မောင်အား ငြိမ်းချမ်းရေးဖခင် တစ်ယောက်အဖြစ် ဖားအံခရိုင်၊ **တနေးချား**မြို့နယ်၊ **ထိုကော့ကိုး**ကျေးရွာတွင် ကြိုဆို ဂုဏ်ပြုသည်။

**ဩဂုတ် (၁၄) ရက်** - ဗိုလ်ကြည်လင်း (တပ်ရင်း ၁၈)မှ နအဖနှင့်ဆက်သွယ်ပြီး ငြိမ်းချမ်းရေးပြုလုပ်ရန်မသွားမီ ရေနစ်သေဆုံးသဖြင့် ၎င်း၏အစီအစဉ် မဖြစ်မြောက်ပါ။

**စက်တင်ဘာလ** - ပြည်တွင်း၌ ဘုန်းကြီးနှင့် ပြည်သူလူထုငြိမ်းချမ်းစွာ ဆန္ဒပြကြ (ကုန်ဈေးနှုန်းကြီးမြင့်ခြင်းအပါအဝင် ဒီမိုကရေစီ တောင်းဆို)သည်။ နအဖမှ ရက်ရက်စက်စက် ဖိနှိပ်ဖြိုခွင်း၊ ပစ်ခတ်ခံရသူများထဲတွင် ဂျပန်သတင်းသမားတစ်ဦး လည်း ပါဝင်သည်။

**၂၀၀၇ ခုနှစ်** တတိယနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်သွားကြမည့် ကရင်ဒုက္ခ သည်များ ဦးရေမှာ **ထမ်းဟင်** - ၂၁၀၃ ယောက်၊ **ဘန်းဒုံယမ်း** - ၃၅၉ ယောက်၊ **နို့ဖိုး** - ၃၇၄ ယောက်၊ **မယ်လ** - ၉၁၆၁ ယောက်၊ **အုန်းဖျံ** - ၄၈၂ ယောက်၊ **မယ်လဦး** - ၈၃၄ ယောက်၊ **မယ်ရာမို** - ၇၃၈ ယောက်၊ စုစုပေါင်း ၁၄၀၅၀ ယောက်။

## (၃၈) ၁၄ ကြိမ်မြောက် ကေအဲန်ယူ ကွန်ဂရက် ကရင်ညီညွတ်ရေး အစည်းအဝေး၊ ပဒိုမန်းရှာလားဖန်းနှင့် ပဒိုစောဘသင်ကွယ် လွန်သွားခြင်း

**ဇန်နဝါရီလ (၂၈ - ၃၀ ရက် အထိ)** – ဖားအံခရိုင်၊ **သေဘောထာ**စခန်းတွင် ညီညွတ်ရေးနှင့် နီးနှောဖလှယ်ပွဲ အစည်းအဝေးကျင်းပခဲ့သည်။

**ဇန်နဝါရီ (၃၁)ရက်** - ၅၉ ကြိမ်မြောက် ကရင်လက်နက်ကိုင်တော်လှန်ရေး နေ့၏ ဂုဏ်ပြုပွဲအခမ်းအနားကို ဖားအံခရိုင် **သေဘောထာ**စခန်းတွင် ပြုလုပ်ကျင်းပသည်။

**ဖေဖော်ဝါရီ (၁၄) ရက်** - နအဖ၊ ထလရ ဌာနချုပ်မှစီစဉ်ပြီး လူဆိုးလူမိုက် နှစ်ဦး ကို ပဒိုမန်းရှာလားဖန်းအား လုပ်ကြံသတ်ဖြတ်ရန် မဲဆောက်မြို့သို့ စေလွှတ်ခဲ့သည်။ ပဒိုမန်း ရှာလားဖန်းမှာ ၎င်း၏နေအိမ်၌ပင် ယင်းလူဆိုးနှစ်ဦး၏ ပစ်ခတ်သတ်ဖြတ်ခြင်း ခံရသည်။ ပဒိုမန်းရှာသည် တိုင်းပြည်နယ်နှင့် လူမျိုးအတွက် **(၁၄-၂-၂၀၀၈)** နေ့တွင် အသက်စွန့် ခဲ့သည်။ ပဒိုမန်းရှာလားဖန်း၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလပ်ကို တပ်မဟာ

- ၇ နယ်မြေ **သေဘောထာ** စစ်ဌာနချုပ်စခန်းတွင် မီးသဂြိုလ်ခြင်းပြုလုပ်သည်။

**မေလ (၂) ရက်** - မြစ်ဝကျွန်းပေါ်ဒေသတွင် နာဂစ်လေမုန်တိုင်းကြီး ကျရောက်တိုက်ခိုက်သည်။ ပြည်သူလူထု စုစုပေါင်း ၂၃၀ ၀၀၀ ကျော် အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးခဲ့သည်။ နအဖက နိုင်ငံတကာ အကူအညီ အချိန်မီ ရယူခြင်းကို ငြင်းပယ်ခဲ့သဖြင့် နာဂစ်ဒုက္ခသည်များအတွက် ပိုမိုကြီးမားသည့် ဒုက္ခများကို ခံစားကြရသည်။

**မေ (၂၂) ရက်** - ကေအဲန်ယူ ဥက္ကဋ္ဌ စောဘသင်စိန် ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

**မေ (၂၅)ရက်** - ဥက္ကဋ္ဌ စောဘသင်စိန်၏ ဈာပနအခမ်းအနားကို စစ်ဦးစီးဌာနချုပ်စခန်း- တပ်မဟာ(၇)နယ်မြေ **သေဘောထာ**တွင် ပြုလုပ်ကျင်းပခဲ့ သည်။

နအဖမှ ဒီမိုကရေစီအတွက် တက်ကြွလှုပ်ရှားသူများ အများအပြားဖမ်းဆီးပြီး နှစ်ရှည်ထောင်ဒဏ် (၈၅)နှစ်အထိ ထောင်သွင်းအကျဉ်းချသည်။

## ၁၄ ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်

ဤကွန်ဂရက်(**၂၉ . ၉ . ၂၀၀၈** တွင် စတင်)ကို မူတရော်ခရိုင်၊ **သီးကော်ထာ** စခန်း၌ ပြုလုပ်ကျင်းပခြင်း ဖြစ်သည်။

ဤကွန်ဂရက်တွင် ဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘော၊ ဒုဥက္ကဋ္ဌ ပဒိုဒေးဗစ်သာကပေါ၊ အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာ၊ တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်မှူးကြီးစောလှငွေ၊ တွဲဖက်အတွင်းရေးမှူး(၂) ပဒိုဒေါ့လေးမူ တို့ကို ရွေးကောက်တင်မြှောက်ကြသည်။

**၂၀၀၈ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လ**အထိ တတိယနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ကြသည့် ကရင်ဒုက္ခသည် လူဦးရေမှာ **ထမ်းဟင် -** ၈၅၄ ယောက်၊ **ဘန်ဒုံယမ်း** - ၁၁၉ ယောက်၊ **နို့ဖိုး** - ၁၉၉၆ ယောက်၊ **မယ်လ** - ၅၆၀၅ ယောက်၊ **အုန်းဖျံ** - ၁၄၂ ယောက်၊ **မယ်ရာမို** - ၂၇၁ ယောက်၊ စုစုပေါင်း - ၁၄၀၀၂ ယောက် ဖြစ်သည်။

မှတ်ချက်။ ။ ၂၀၀၆ ခုနှစ် မှစ၍ ၂၀၀၈ ခုနှစ် အထိ နိုင်ငံခြားသို့ ပြောင်းရွှေ့နေထိုင်ကြသည့် ကရင်ဒုက္ခသည်ဦးရေမှာ ၃၂၅၇၁ ယောက် ဖြစ်သည်။

# အခန်း (၃)

# ကရင့်ဘဝနှင့် ခေတ်အဆက်ဆက်ဗမာပြည်တွင်းရှိ နိုင်ငံရေးနှင့် ပတ်သက်နေမှု

## ၁။ ကရင်လူမျိုးနှင့် ၄င်းတို့ဆင်းသက်လာမှု

ယနေ့ ကရင်လူမျိုးဟုခေါ်ရာတွင် ကရင်မျိုးနွယ်စုများဖြစ်ကြသည့် စကော၊ ပိုး၊ ဘွဲ၊ မော်နေပွာ၊ ပကူး၊ ကယ်နိ၊ ကယ်ဘား၊ ကယား၊ ကယော၊ ပဒိုဝ်၊ ယင်းနက်များ ပါဝင်ကြသည်။ ကရင်မျိုးနွယ်စုများအားလုံးမှာ မွန်ဂိုလီးယား လူမျိုးနွယ်ကြီးမှ ဆင်းသက်လာခြင်းဖြစ်သည်။ ၄င်းတို့မှာ တောင်အာရှဒေသမှတဆင့် ပြောင်းရွှေ့ဆင်းသက်လာပြီး ဂိုဘီ (Gobi)သဲကန္တာရနှင့် တရုတ်ပြည်ကို ခရစ်တော် မပေါ်မီ ၁၁၂၅ နှစ် (BC ၁၁၂၅ ခုနှစ်) က စတင်ပြီး ဖြတ်ကျော်လာကြကာ ၄င်းမျိုးနွယ်စု၏ နောက်ဆုံးအသုတ်မှာ ခရစ်တော် မပေါ်မီ ၇၃၉ နှစ် (BC ၇၃၉ ခုနှစ်)တွင် ဗမာပြည်သို့ ရောက်လာကြခြင်း ဖြစ်သည်။ ကရင်တို့သည် ဗမာပြည်တွင်းသို့ ရောက်ရှိလာကြသူများအနက် ပထမဦးဆုံး အသုတ်တစ်သုတ်ဖြစ်သည်။ ကရင်အများစု နေထိုင်ခဲ့ကြသည့်နေရာဒေသမှာ ဧရာဝတီမြစ်ဝှမ်းနှင့် မြစ်ဝကျွန်းပေါ်ဒေသ၊ သံလွင်မြစ်ဝှမ်းဒေသနှင့် စစ်တောင်းမြစ်ဝှမ်းဒေသတို့ ဖြစ်သည်။ ဗမာပြည်တွင် လူမျိုးပေါင်းစုံဖြစ်သည့် ကရင်၊ ကရင်နီ၊ ဗမာ၊ ချင်း၊ ကချင်၊ ရှမ်း၊ မွန်၊ ရခိုင် တို့ ရောနှောနေထိုင်လျက်ရှိကြသည်။ လူမျိုးများအနက်မှ ဗမာလူမျိုး အများဆုံး နေထိုင်ကြပြီး ဒုတိယအများဆုံးမှာ ကရင်လူမျိုးများ ဖြစ်သည်။ ကရင်လူမျိုးတို့နေထိုင်ကြသည့် အရပ်ဒေသတွင် သဘာဝအလှနှင့် ပြည့်စုံပြီး မြေပေါ်မြေအောက် သယံဇာတများ ပေါကြွယ်သည်။

## ၂။ ပဒေသရာဇ်ခေတ် ကရင့်ဘဝ

ကရင်မျိုးနွယ်စုများသည် နှစ်ပေါင်းထောင်နှင့်ချီပြီး အခြားလူမျိုးများကဲ့သို့ တိုင်းနိုင်ငံများနှင့် နေထိုင်ခဲ့ကြသည်။ ထိုစဉ်အခါက လူမျိုးစုအချင်းချင်း တစ်စုနှင့်တစ်စု တိုက်ခိုက်ကြကာ တိုင်းနိုင်ငံများကို ထူထောင်ခဲ့ကြသည်။ အေဒီ ၁၁ ရာစုနှစ်တွင် ဗမာဘုရင် အနော်ရထာမင်းသည် တိုင်းနိုင်ငံငယ်များကို တိုက်ခိုက်ပြီး စုစည်းကာ

တိုင်းပြည်ကြီးတစ်ခုအဖြစ် ဗမာပြည်ကိုထူထောင်ခဲ့သည်။ ၎င်းနောက် ၁၅ ရာစုတွင် တောင်ငူဘုရင် ဘုရင့်နောင်မင်းလက်ထက်တွင် တစ်ကြိမ်၊ ၁၈ ရာစုတွင် ကုန်းဘောင်ဘုရင် အလောင်းဘုရားမင်းက တစ်ကြိမ်၊ တိုင်းနိုင်ငံငယ်များအား တိုက်ခိုက်သိမ်းပိုက်ကာ မြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့ကြသည်။ ဗမာဘုရင်တို့သည် ယိုးဒယားနိုင်ငံကိုလည်း တိုက်ခိုက်သိမ်းယူခဲ့သည်။ အာသံနှင့် မဏိပူရဒေသများကိုလည်း တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ဖူးသည်။ ပဒေသရာဇ်မြေရှင်ခေတ်တွင် တိုင်းနိုင်ငံငယ် အများအပြား ပေါ်ပေါက်ခဲ့သည်။ သို့ရာတွင် ကရင်တို့သည် မြေရှင်ပဒေသရာဇ်စနစ်ကို ဆန့်ကျင်ပြီး စစ်တိုက်ခြင်းကို မတွေ့ရပါ။ ၎င်းတို့မှာ အေးအေးလူလူ နေထိုင်ကြပြီး လုပ်ကိုင် စားသောက်ပြီးနေကြသူများ ဖြစ်သည်။ မိဘ ဘိုးဘွားများ အဆိုရှိထားသကဲ့သို့ သစ်ငုတ်လည်းဆွေး၊ ကရင်လည်းပြေး ဖြစ်ကြသည်။ ယင်းကြောင့် ဤမြေရှင်ပဒေသရာဇ် စနစ်အောက်တွင် ကရင်တို့သည် ၎င်းတို့အား အနိုင်ယူတိုက်ခိုက်ခံကြရပြီး ၎င်းတို့၏ မြေယာနှင့် နယ်မြေဒေသအားလုံးလုယက်ခံရ၍ ဆုံးရှုံးခဲ့ရကြောင်း သိရှိနားလည်ရမည်။

## ၃။ နယ်ချဲ့ခေတ် ကရင့်ဘဝ

နယ်ချဲ့စနစ်ဖြင့် နိုင်ငံခြားတိုင်းပြည်တို့က တစ်ပါးတိုင်းပြည်ကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ကာ အုပ်စိုးကြသည်။ စီးပွားရေးအရ၊ အုပ်ချုပ်ရေးအရ ပြည်သူများအား ကိုလိုနီစနစ်အရ ဖိနှိပ်အုပ်စိုးကြသည်။ ကျွန်ုပ်တို့ တိုင်းပြည်အဖို့ အင်္ဂလိပ်နယ်ချဲ့တို့က (၃) ကြိမ် တိုင်တိုင် ကျူးကျော်ပြီး စစ်ပြု တိုက်ခိုက်ကာ တစ်ပြည်လုံးကို (၁၈၈၅) ခုနှစ်၌ သိမ်းပိုက်အုပ်ချုပ်လိုက်ခြင်း ဖြစ်သည်။ အင်္ဂလိပ်များ အုပ်စိုးစဉ် ဗမာပြည်အား တစ်ပြည်ထောင်စနစ်အဖြစ် တည်ထောင်ထားသောကြောင့် မြေရှင်စနစ်အောက်တွင် တိုင်းသူပြည်သားတို့သည် အချင်းချင်း မညီမညွတ်ဖြစ်ခဲ့ကြသည်။ တစ်ဦးအပေါ်တစ်ဦး ရန်ငြိုးဖွဲ့ကြသဖြင့် နယ်ချဲ့သမားများအတွက် အခွင့်ကောင်းဖြစ်ပေါ်စေသည်။ အခြားတစ်ဖက်မှာလည်း ကိုလိုနီ အုပ်ချုပ်ရေးစနစ်အောက်တွင် အခွင့်အရေးတစ်စုံတစ်ရာရရှိသဖြင့် ၎င်းတို့သည် မိမိတို့ဘာသာစကား၊ စာပေ အစရှိသည်တို့ ပြန်၍ လေ့လာသင်ကြားခွင့် ရရှိလာသည်။ စာသင်ကျောင်းများလည်း ပေါ်ပေါက်လာသည်။ ယင်းကြောင့် ကရင်တို့သည် စာတတ်ပေတတ်များဖြစ်လာကြသည်။ ၎င်းတို့သည် အလုပ်သမားများ၊ ပညာတတ်များ၊ ကုန်သည်ပွဲစားများ၊ အစိုးရအမှုထမ်းများ ဖြစ်လာကြပြီး ဦးဆောင်ဦးရွက်လုပ်ငန်းများ လုပ်ကိုင်လာနိုင်သည်။ မျိုးချစ်စိတ်များလည်း ပိုမို

ဖြစ်ပေါ်လာသဖြင့် (၁၈၈၁) ခုနှစ်တွင် မျိုးချစ် ကရင်ခေါင်းဆောင်များသည် KNA ခေါ် ကရင်အမျိုးသားအသင်းကို စည်းရုံးဖွဲ့စည်းလာကြသည်။ ဦးစီးဦးရွက်ပြုသူမှာ ဆရာ တီသံပြာ ဖြစ်သည်။

## ၄။ ဂျပန်ခေတ် ကရင့်ဘဝ

**၁၉၄၁ ခုနှစ်**တွင် ဂျပန်ဖက်ဆစ်တို့သည် BIA ၏ အကူအညီဖြင့် ဗမာပြည်ကို ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည်အထိ ဝင်ရောက်အုပ်စိုးနိုင်ခဲ့သည်။ BIA အုပ်ချုပ်သောအချိန်တွင် ၎င်းတို့က ကရင်များကို နယ်ချဲ့အင်္ဂလိပ်တို့၏ လက်ရုံးများ အဖြစ် သဘောထား အပြစ်တင်ကာ နည်းမျိုးစုံဖြင့် ဖိနှိပ်သတ်ဖြတ်လျက်ရှိသည်။ ဖာပွန်၊ ရွှေကျင်၊ သထုံ၊ မြစ်ဝကျွန်းပေါ် (မြောင်းမြ)တို့တွင် ကရင်အများအပြား အသတ်ခံ ကြရသည်။ ထိုအချိန်တွင် BIA ကို ဆန့်ကျင်တော်လှန်ကြသည့် ကရင်ခေါင်းဆောင် များမှာ မန်းရွှေထွန်းကြာ၊ ဖာပွန်နယ်တွင် ဝဲလင်တန်၊ ဝီလီစော၊ စောအောင်ရှင်းနှင့် စောဒီဂေတို့ ဖြစ်ကြသည်။ ဤဂျပန်ခေတ်တွင် ကရင်အမျိုးသားတို့သည် ၎င်းတို့၏ မျိုးချစ်စိတ် ပိုမိုပြင်းပြလာကြသည့်အပြင် ညီညွတ်ရေးအတွက် ပိုမိုအားကောင်းလာ သည်။ BIA မှာ ဖျက်သိမ်းခြင်းခံရပြီး BDA ကို ပြန်လည် ဖွဲ့စည်းခဲ့ရာ BDA ထဲသို့ ကရင် လူငယ် အများအပြား ဝင်ရောက်ကြပြီး ဖဆပလနှင့် အတူလက်တွဲ၍ ဂျပန်အား တွန်း လှန်တိုက်ခိုက်ခဲ့ကြသည်။

## ၅။ စစ်ပြီးခေတ် ကရင့်အခြေအနေနှင့် ကေအဲန်ယူ ပေါ်ပေါက်လာခြင်း

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက်ပိုင်း အင်္ဂလိပ်ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေး ရရှိရေးအတွက် ဆန္ဒပြ တောင်းဆိုလျက်ရှိကြသည်။ လွတ်လပ်ရေး မပေးပါက တော်လှန်ပုန်ကန်ကြမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ဆန္ဒများအား ထုတ်ဖော် ပြသကြသဖြင့် အင်္ဂလိပ်တို့သည် ယခင်ကကဲ့သို့ ၎င်းတို့၏ကိုလိုနီနယ်ပယ်ကို ထိန်း ချုပ်နိုင်ရန် မလွယ်ကူတော့ပေ။ ယင်းကြောင့် လွတ်လပ်ရေးကိုသာပေးရန် ကြံဆရလေ တော့သည်။ သို့ရာတွင် စီးပွားရေးဖက်တွင် ၎င်းတို့က ဆက်လက်ပြီး အကျိုး ခံစားခွင့် ရှိရန် စီစဉ်လိုသည်။ ယင်းကြောင့် **၁၉၄၇ ဇန်နဝါရီလ**တွင် အင်္ဂလိပ်ဝန်ကြီးချုပ် အက်တလီသည် ဗိုလ်ချုပ်အောင်ဆန်း (ဖဆပလ)ကို ဗမာပြည်ကို လွတ်လပ်ရေးပေးရန် အတွက် အင်္ဂလန်သို့ ဖိတ်ကြားသည်။ ယင်းအချိန်ကာလတွင် ကရင်လူမျိုး အဖွဲ့အစည်း

များဖြစ်ကြသည့် KNA, BKNA, KCO, KYO တို့ ပူပေါင်းပြီး စည်းဝေးပွဲကြီးတစ်ခုကို **၁၉၄၇ ခုနှစ် ဇန်နဝါရီလ (၃) ရက် မှ (၇) ရက်** အထိ ဆွေးနွေးတိုင်ပင်ကြကာ နောက်ဆုံးတွင် ဤအဖွဲ့အစည်းအားလုံးကို စုစည်းသည့် ကရင်အမျိုးသားအစည်းအရုံးကို ဖွဲ့စည်းပြီး ကရင်ပြည် ရရှိရေး၊ ကရင်အမျိုးသားလွတ်လပ်ရေး ရရှိရေးအတွက် တိုက်ပွဲဝင်ကြရန် ဆုံးဖြတ်ကြလေသည်။ ဤအဖွဲ့အစည်းကို ကရင် အမျိုးသားအစည်းအရုံး (KNU)ဟု ခေါ်ရန်ဆုံးဖြတ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ (၁၂)ရက် တွင် ဗိုလ်ချုပ်အောင်ဆန်းက လူမျိုးစုများအစည်းအဝေးကို ပင်လုံမြို့နယ်တွင် ခေါ်ယူကျင်းပသည်။ ဤအစည်းအဝေးသို့ တက်ရောက်ကြသည့် လူမျိုးများမှာ ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်များ ဖြစ်ကြသည်။ ဤအစည်းအဝေး၌ တက်ရောက်ကြသည့် လူမျိုးစုခေါင်းဆောင်များက ဖဆပလအစိုးရနှင့်အတူ လွတ်လပ်ရေးကို အတူတကွ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူကြသည်။

## ၆။ ဗမာပြည် လွတ်လပ်ရေး

ဗမာပြည်လွတ်လပ်ရေးရရှိရေးအတွက် လူမျိုးစုအားလုံးနှင့် နိုင်ငံရေးအဖွဲ့အစည်းအများအပြားတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် ဗမာပြည်လွတ်လပ်ရေးရရှိလေသည်။ ဗမာပြည်သည် လွတ်လပ်ရေးရရှိပြီးနောက် ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ချုပ် (UNO)သို့ ဝင်ရောက်နိုင်ခဲ့သော်လည်း စီးပွားရေးအရ အင်္ဂလိပ်ကိုသာ မှီခိုနေရဆဲ ဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း ဖဆပလ အစိုးရသည် အတုအယောင် ပြည်ထောင်စုကြီးကို တည်ဆောက်ခဲ့ပြီး လူမျိုးစုများအတွက် အခွင့်အရေး မပေးသောကြောင့် လွတ်လပ်ရေးရရှိပြီး မကြာမီမှာပင် ပြည်တွင်းစစ် ပေါ်ပေါက်လာခဲ့ရသည်။

## ၇။ ကရင့်တော်လှန်ရေးပေါ်ပေါက်လာပုံ

**၁၉၄၈ ခုနှစ်** ဗမာပြည်လွတ်လပ်ရေးသည် ကရင်များအဖို့ ဖိနှိပ်မှုမျိုးစုံကွယ်ပျောက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေါ်ပေါက်လာစေရန်အတွက် မျှော်လင့်ခဲ့သည်။ သို့ရာတွင် ဤကဲ့သို့ ဖြစ်မလာခဲ့ချေ။ ဖဆပလအစိုးရသည် လူမျိုးကြီးဝါဒကို ဆုပ်ကိုင်ထားသည်။ ဤကဲ့သို့ဖြစ်ခြင်းကြောင့် **၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်** နေ့တွင် ကရင်လူမျိုးတို့သည် စုရုံးကြပြီး တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆန္ဒပြကာ အောက်ပါ

ကြွေးကြော်သံ(၄)ရပ်ကို တင်ပြလာသည်။ (၁) ကရင်ပြည်ချက်ချင်းပေး၊ (၂) ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ၊ (၃) ပြည်တွင်းစစ်အလိုမရှိ၊ (၄) လူမျိုးရေး အဓိကရုဏ်း အလိုမရှိ စသည်ဖြင့် ဖြစ်သည်။ ဤတောင်းဆိုချက်များမှာ ကျွန်တော်တို့၏ မွေးရာပါ အခွင့်အရေးအဖြစ် မှတ်ယူပြီး ဤနိုင်ငံရေးပြဿနာကို ကျွန်ုပ်တို့သည် စစ်ရေးနည်းဖြင့် ဖြေရှင်းလိုခြင်း မရှိပါ။

တစ်နည်းအားဖြင့် တွေ့ဆုံဆွေးနွေးသည့်နည်းဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းလိုခြင်းသာ ဖြစ်သည်။ သို့ရာတွင် ဖဆပလအစိုးရသည် မိမိတို့၏ တောင်းဆိုချက်များကို လစ်လျူရှုခဲ့သည့်အပြင် ကေအဲန်ယူကို မတရားအသင်း ဖြစ်ကြောင်း ထုတ်ပြန်ကြေညာရုံမက ကေအဲန်ယူအားစတင်ပြီး အကြမ်းဖက် တိုက်ခိုက်လာသည်။ ဤသို့ဖြင့် မိမိတို့၏ တရားသော အခွင့်အရေးကို ရရှိရန် အခြားနည်းလမ်းများ မရှိတော့သဖြင့် နောက်ဆုံး **၁၉၄၉ ခုနှစ် ဇန်နဝါရီလ (၃၁)ရက်** နေ့တွင် လက်နက်ကိုင်စွဲကာ ပြန်လည်တိုက်ခိုက်ရခြင်းကြောင့် ကရင့် တော်လှန်ရေး စတင်လာခြင်းဖြစ်သည်။

## ၈။ ဖဆပလခေတ် ကရင့်အခြေအနေ

**၁၉၄၈ ခုနှစ်** လွတ်လပ်ရေးရရှိပြီးနောက် ဖဆပလအဖွဲ့ကြီး၏ သဘောထားများမှာ လူမျိုးကြီးဝါဒသို့ ပြောင်းလဲသွားသည်။ ဤလူမျိုးကြီးဝါဒသည် မြေရှင်နှင့် အရင်းရှင်တို့၏ ကိုယ်စားလှယ်များဖြစ်လာကြပြီး ပြည်သူလူထုနှင့် လူမျိုးစုများအား နည်းမျိုးစုံ ဖိနှိပ်သွေးစုပ်လေတော့သည်။ အခြားလူတန်းစားများအတွက် အခွင့်အရေး တောင်းဆိုခဲ့ကြသည့် အလံနီကွန်မြူနစ်ပါတီ၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော် စသည်တို့မှာ လွတ်လပ်ရေးရပြီး မကြာသောအချိန်အတွင်းမှာပင် စတင်တော်လှန် ပုန်ကန်ပြီး ဦးနုအစိုးရကို ဆန့်ကျင်ခဲ့ကြရသည်။ လူမျိုးစုများက ဒီမိုကရေစီ နည်းလမ်းအတိုင်း ၎င်းတို့၏လွတ်လပ်ရေးနှင့် လူမှုရေးအခွင့်အရေးများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် တောင်းဆိုခဲ့ကြသော်လည်း ဖဆပလအစိုးရသည် ဂရုပြုခြင်းမရှိဘဲ လစ်လျူရှုခဲ့ရုံမက အကြမ်းဖက်သည့်နည်းလမ်းကိုသုံးပြီး နှိမ်နင်းလာသဖြင့် လက်နက်ကိုင် တော်လှန်ရေးများ စတင်ပေါ်ပေါက်ခဲ့ရလေသည်။ အစိုးရအဖွဲ့ကို ဦးစီးသည့် ဦးနုသည် ပြည်တွင်းစစ် ပေါ်ပေါက်လာရန်အတွက် စတင် လုပ်ဆောင် လုပ်ဆောင်ခဲ့သူ ဖြစ်သည်။ ဦးနုသည် လူမျိုးစုများ၏ အခွင့်အရေးများကို ဦးစားပေးရမည့်အစား ဗိုလ်နေဝင်း ဦးဆောင်သည့် စစ်တပ်ကိုသာ ဦးစားပေးခဲ့သည်။

## ၉။ မဆလခေတ် ကရင့်အခြေအနေ

ဗမာ့တပ်မတော်စစ်ဦးစီး ဗိုလ်နေဝင်းသည် **၁၉၆၂ ခုနှစ်၊ မတ်လ (၂)ရက်** နေ့ တွင် ဦးနုလက်ထဲမှ နိုင်ငံတော်အာဏာကို သိမ်းယူလိုက်သည်။ ယင်းကြောင့် စစ်တပ်သည် တိုင်းပြည်အုပ်ချုပ်ရေးတွင် အဓိကအင်အားစုဖြစ်လာသည်။ ဗိုလ်နေဝင်းသည် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဒီမိုကရေစီပါလီမန်စနစ်ကို ဖျက်သိမ်းလိုက်ပြီး မဆလပါတီကိုဖွဲ့စည်းကာ တစ်ပါတီအာဏာရှင်စနစ်အဖြစ် တိုင်းပြည်ကို အုပ်စိုး မင်းမူလေသည်။ ဒီမိုကရေစီအခွင့်အရေးနှင့် လူ့အခွင့်အရေးအား ထိထိမိမိ ပိတ်ဆို့ထားလိုက်သည်။ မဆလပါတီသည် လူမျိုးကြီးဝါဒကို အခိုင်အမာကိုင်စွဲပြီး လူမျိုးစုများ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဖျက်သိမ်းလိုက်သည်။ တစ်ချိန်တည်းမှာပင် လူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ဖျောက်ဖျက်ကာ လူမျိုးရေး ဝါးမြိုသည့်စနစ်ကို ကျင့်သုံးသည်။ စီးပွားရေးလုပ်ငန်းများ အားလုံးကိုလည်း ပြည်သူပိုင် အမည်ဖြင့် မတရား သိမ်းပိုက်လိုက်သည်။ သိမ်းဆည်းလိုက်သည့် ပြည်သူပိုင်ပစ္စည်းများကိုလည်း တစ်ပြားတစ်ချပ်မျှ လျော်ကြေးပေးခြင်း မရှိပေ။ နိုင်ငံခြားငွေများကိုလည်း လက်ဝါးကြီးအုပ်ထားပြီး ရေတို၊ ရေရှည် စီမံကိန်းများကို ရေးဆွဲချမှတ်ခဲ့သည်။ ဤ စီမံကိန်းများသည် နိုင်ငံတော်အတွက် တိုးတက်မှုတစ်စုံတစ်ရာမျှ ဆောင်ရွက်နိုင်စွမ်း မရှိခဲ့ပေ။ တိုင်းပြည်၏ ထုတ်ကုန်၊ သွင်းကုန် လုပ်ငန်းများကိုလည်း လက်ဝါးကြီးအုပ်ထားလျက်ရှိသည်။ ပုဂ္ဂလိက လုပ်ပိုင်ခွင့် အားလုံးကို နင်းချေဖျက်ဆီးခဲ့သည်။ ဗိုလ်နေဝင်းသည် ဗမာပြည် ငွေစက္ကူများကိုလည်း ဖျက်သိမ်းလိုက်ပြီး ငွေစက္ကူ အသစ်များကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဗိုလ်နေဝင်းသည် တစ်ပါတီ အာဏာရှင်စနစ်အရ ကြီးစိုးမင်းမူပြီး ထင်ရာစိုင်းခဲ့ရာတွင် တိုင်းပြည်၏ စီးပွားရေး၊ နိုင်ငံရေး စသည်တို့ များစွာ ဆုံးရှုံးနစ်နာခဲ့ရသည်။ နောက်ဆုံးတွင် ဗိုလ်နေဝင်းသည် တိုင်းပြည်ကို တစ်ပါတီ စနစ်ကို နစ်သက်သလား သို့တည်းမဟုတ် ပါတီစုံစနစ်ကိုနှစ်သက်သလား ဆိုပြီး ပြည်သူများ ရွေးချယ်ရန် ထုတ်ဖော်ပြောဆိုခဲ့ရသည်။ ပြည်သူများတွင် မည်သည့်အခွင့်အရေးမျှ ခံစားခွင့် မရှိသဖြင့် အခြေအနေမှာ ကြာလေ ဆိုးလေ ဖြစ်လာသဖြင့် ၄င်းက အခြေအနေကို လုံးဝ ထိန်းချုပ်နိုင်ခြင်း မရှိတော့ပေ။ ယင်းကြောင့် (၈)လေးလုံး အရေးတော်ပုံကြီး ပေါက်ကွဲခဲ့ရသည်။ ကျောင်းသားများ၊ ပြည်သူများနှင့် ဘုန်းကြီးသံဃာတော်များက ဒီမိုကရေစီအတွက် အံုကြွတိုက်ပွဲဝင်ခဲ့ကြကာ ဗိုလ်နေဝင်း၏ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ကြလေသည်။

## ၁၀။ နဝတနှင့် နအဖခေတ် အခြေအနေများ

(၈)လေးလုံး အုံကြွမှုတွင် စစ်အစိုးရက လက်နက်ဖြင့် အကြမ်းဖက်နှိမ်နင်းကာ ကျောင်းသားနှင့် ပြည်သူလူထု အများအပြား ပစ်ခတ်ခံခဲ့ ကြရသည်။ အထူးသဖြင့် ကျောင်းသားလူငယ်များသည် ပြည်တွင်း၌ ဒီမိုကရေစီရေးအတွက် ဆက်လက်၍ တိုက်ပွဲဝင်ရန် အခြေအနေ မရှိတော့သဖြင့် လက်နက်ကိုင် တော်လှန်ရေးဘက်သို့ ကူးပြောင်းလာကြသည်။ ယင်းကြောင့် ၎င်းတို့သည် လူမျိုးစုများနှင့်လက်တွဲပြီး မိမိတို့ ကေအဲန်ယူနှင့် ပူးပေါင်းဆောင်ရွက်လာကြသည်။ ကေအဲန်ယူအနေဖြင့်လည်း ယင်း ဒီမိုကရေစီ အင်အားစုများအား နည်းမျိုးစုံ ကူညီဆောင်ရွက်ပေးခဲ့ရသည်။ **၁၉၈၈ ခုနှစ်**တွင် DAB ခေါ် ဒီမိုကရေစီ မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ DAB အဖွဲ့ထဲတွင် လူမျိုးစုများ၊ ကျောင်းသားအဖွဲ့အစည်းနှင့် ဒီမိုကရေစီအင်အားစုများ ပါဝင်ကြသည်။

နဝတ စစ်အာဏာရှင်အစိုးရက **၁၉၉၀ ခုနှစ်**တွင် တစ်ပြည်လုံး အတိုင်းအတာဖြင့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို ပြုလုပ်ကျင်းပခဲ့ရာ ဒေါ်အောင်ဆန်းစုကြည် ဦးစီးသည့် NLD ခေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အနိုင်ရရှိခဲ့သည်။ သို့ရာတွင် နဝတသည် ပေးထားသည့်ကတိအတိုင်း ဆောင်ရွက်ခြင်းမရှိ၊ နိုင်ငံတော်အာဏာကို လွှဲအပ်ခြင်း မရှိဘဲ ဆက်လက်ထိန်းထားပြန်သည်။ NLD ကိုလည်း ဆက်လက်ပြီး လှုပ်ရှားခွင့်မပေးဘဲ နည်းမျိုးစုံဖြင့် ဖိနှိပ်လေသည်။

**၂၀၀၃ ခုနှစ်**အတွင်း NLD ခေါင်းဆောင်များဖြစ်သည့် ဒေါ်စုနှင့် ဦးတင်ဦးတို့ ဦးစီးပြီး စည်းရုံးရေးခရီးစဉ်ထွက်ခဲ့ကြရာ နအဖစစ်အစိုးရ၏ လက်ကိုင်ဒုတ်များက ဒီပဲယင်းတွင် အကြမ်းဖက်ရိုက်နက်သတ်ဖြတ်သဖြင့် လူအများအပြား သေဆုံးထိခိုက်ဒဏ်ရာရရှိခဲ့ရလေသည်။ နအဖသည် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ရေးဆွဲရန်ဆိုပြီး ညောင်နှစ်ပင်၌ အမျိုးသားညီလာခံကို ခေါ်ယူကျင်းပခဲ့သည်။ ဤညီလာခံသည် ၂၀၀၇ ခုနှစ်တွင် ပြီးဆုံးခဲ့ပြီး ဖြစ်သည်။ ဤ ဖွဲ့စည်းပုံဥပဒေမှာ ပြည်သူလူထုကိုယ်စားလှယ် အစစ်အမှန်များက ရေးဆွဲ အတည်ပြုခြင်း မဟုတ်သဖြင့် ဗမာပြည် ပြည်သူလူထု၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်မည် မဟုတ်ချေ။ ဤဖွဲ့စည်းပုံဥပဒေမှာ ဗမာပြည်တွင် စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက် သက်သက်သာ ဖြစ်သည်။

**၂၀၀၇ ခုနှစ် စက်တင်ဘာလ**တွင် သံဃာတော်များ လမ်းပေါ်ထွက်ပြီး ဆန္ဒပြကြသည်။ ကုန်ဈေးနှုန်းကျဆင်းရေးအတွက် တိုက်ပွဲဝင်ကြသည်။ ဤကဲ့သို့

ငြိမ်းချမ်းစွာ ဆန္ဒပြ တောင်းဆိုခဲ့သော်လည်း နအဖက အကြမ်းဖက် ချေမှုန်းလိုက်သဖြင့် ၎င်းတို့၏တိုက်ပွဲကိုလည်း ရပ်ဆိုင်းလိုက်ကြရသည်။ နအဖသည် ဒီမိုကရေစီအတွက် တက်ကြွလှုပ်ရှားသူ အများအပြားကို ဖမ်းဆီးထောင်ချ နှိပ်ကွပ်လျက် ရှိသည်။ ပြစ်ဒဏ်အဖြစ် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်သည်။ နိုင်ငံရေး အကျဉ်းသားများသည် ၎င်းတို့၏မိသားစုနှင့် ဝေးလံသည့် အကျဉ်းထောင်သို့ ပို့ခြင်းခံရသည့်အပြင် နည်းမျိုးစုံ အခက်ခဲဖြစ်စေရန်ဖန်တီးကာ ဒုက္ခပေးလျက်ရှိသည်။ နိုင်ငံရေးအကျဉ်းသားများ၏ မိဘဆွေမျိုးများကိုလည်း အကြပ်ကိုင်ဒုက္ခပေးလျက်ရှိသည်။ နအဖသည် စစ်သားသစ်သိမ်းသွင်းရာတွင်လည်း ပြည်သူလူထုအပေါ် အကြမ်းဖက်အကြပ်ကိုင်သည့် နည်းမျိုးစုံကို ကျင့်သုံးသည်။

**၂၀၀၈ ခုနှစ်၊ မေလ(၂)ရက်**နေ့တွင် မြစ်ဝကျွန်းပေါ်၌ နာဂစ်မုန်တိုင်းကြီး ကျရောက်ခဲ့သည်။ မြစ်ဝကျွန်းပေါ်လူထု သုံးသိန်းကျော် အသက်ဆုံးရှုံးခဲ့သည်။ နာဂစ်ဒုက္ခသည်များကိုကူညီရန်အတွက် ပြည်ပမှလာရောက်ကူညီခြင်းများကို အချိန်မီဆောင်ရွက်ခြင်းမရှိဘဲ အဟန့်အတားပြုခဲ့သည်။ အကူအညီများ နှောင့်နှေးသဖြင့် ဒုက္ခသည်များ ပိုမိုဒုက္ခရောက်ခဲ့ကြရသည်။ ပိုမိုသေဆုံးခဲ့ကြရသည်။ နာဂစ်မုန်တိုင်းအပြီးတွင် ၂၀၀၈ အခြေခံဥပဒေ အတည်ပြုရေးအတွက် ပြည်သူ့ဆန္ဒ ခံယူပွဲကို ပြုလုပ်ကျင်းပခဲ့သည် နည်းမျိုးစုံ အကြပ်ကိုင်ပြီး ပြည်သူများအား ဤဖွဲ့စည်းပုံဥပဒေကို အတည်ပြုစေသည်။ နအဖသည် ပြည်သူလူထု (၉၂)ရာခိုင်နှုန်းမဲဖြင့် ၎င်းတို့၏ ၂၀၀၈ ဥပဒေ ဖွဲ့စည်းပုံကို အတည်ပြုနိုင်ခဲ့ကြောင်း အရှက်ကင်းမဲ့စွာကြေညာခဲ့သည်။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ နအဖသည် အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ပြုလုပ်ကျင်းပရန် ပြင်ဆင်လျက်ရှိသည်။ ဤရွေးကောက်ပွဲသည် လူထုဆန္ဒနှင့်ကိုက်ညီသည့် အခြေခံ ဥပဒေအရ ပြုလုပ်ခြင်း မဟုတ်ပေ။ ယင်းကြောင့်လည်း ဤ ရွေးကောက်ပွဲသည် စစ်မှန်ပြီး တရားမျှတမှု မရှိနိုင်ပေ။ စစ်အာဏာရှင်တို့ ဆက်လက်ပြီး စိုးမိုးနိုင်ရေးအတွက်သာ ဖြစ်သည်။

လူမျိုးစုလှုပ်ရှားမှုများကိုလည်း စစ်အစိုးရသည်အပြင်းထန်ဆုံး ဆက်လက်ပြီး ဖိနှိပ်မှုများ ပြုလုပ်သည်။ ဤပြင်းထန်သည့်ဖိနှိပ်အားများကြောင့် အချို့လူမျိုးစုအဖွဲ့အစည်းများသည် ခံနိုင်ခြင်း မရှိတော့သဖြင့် ဆန္ဒမပါဘဲ နအဖစစ်အစိုးရနှင့် ငြိမ်းချမ်းရေး ယူလိုက်ကြရသည်။ လူမျိုးစုအဖွဲ့အစည်း (၁၇)ဖွဲ့နှင့် ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ကြောင်း နအဖက ကြွားဝါခဲ့သည်။ ကေအဲန်ယူအဖွဲ့သာ ကျန်သည်ဟုလည်း ဆိုပြန်သည်။

**၁၉၉၆ ခုနှစ်** အတွင်း ကေအဲန်ယူခေါင်းဆောင်များသည် နအဖနှင့် (၄)ကြိမ်တိတိ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ ဤတွေ့ဆုံပွဲတိုင်းတွင် နအဖက ဥပဒေဘောင်အတွင်း ဝင်ရောက်ရေးကိုသာ တောင်းဆိုလျက်ရှိသည်။ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရန်တောင်းဆိုသည်။ ပြဿနာများအား နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းမှုတစ်ခုမှ မရှိသဖြင့် ကေအဲန်ယူမှ လက်ခံနိုင်ခြင်းမရှိပါ။ ၁၉၉၇ ခုနှစ်တွင် နအဖသည် ကရင်နယ်မြေတခွင်လုံးအတွင်း အထွေထွေထိုးစစ်ကြီးကို ဆင်နွဲတိုက်ခိုက်လာသည်။ ကရင်လူထုအား အကြီးအကျယ် ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ယင်းကြောင့် ကရင်လူထုသည် မိမိတို့နေရပ်တွင် ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့သဖြင့် ဒုက္ခသည်များအဖြစ်ထိုင်းနိုင်ငံဘက်သို့ဝင်ရောက်ပြီး နေထိုင်လာခဲ့ကြရခြင်းဖြစ်သည်။ နောက်ဆုံးတွင် မိမိတို့ တိုင်းပြည်တွင် နေထိုင်ရန်မဖြစ်နိုင်တော့သဖြင့် ကရင်ဒုက္ခသည်များသည် တတိယနိုင်ငံသို့ သွားရောက်နေထိုင်ကြရတော့သည်။ ယခုအချိန်တွင် တစ်သုတ်ပြီးတစ်သုတ်ပြည်ပသို့ထွက်ကာ တတိယနိုင်ငံများတွင် သွားရောက်နေထိုင်နေကြပြီဖြစ်သည်။